# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၅ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၃၃၈)


# အစိုးရအနေဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးမူကို ကျင့်သုံးလျက် IDP များ၊ မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သည့် လူ့အဖွဲ့အစည်းများအတွက် အဓိကရည်ရွယ်သည့် လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၅၃)ကြိမ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အဖြစ် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် video conferencing စနစ်ဖြင့် ဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၅၃) ကြိမ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် ယနေ့နံနက် ၁၀ နာရီတွင် video conferencing စနစ်ဖြင့် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ခံ တွေ့ဆုံပြီး COVID–19 ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ သတင်းအချက်အလက်များနှင့် အတွေ့အကြုံများကို အပြန်အလှန်ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အဆိုပါ video conference သို့ အာဆီယံနိုင်ငံများဖြစ်ကြသည့် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် ဘရူနိုင်းနိုင်ငံမှ သံရုံးယာယီတာဝန်ခံတို့ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် COVID–19 ကူးစက်ရောဂါကြောင့် နှစ်စဉ်ကျင်းပသည့် အာဆီယံနေ့အထိမ်းအမှတ်အခမ်းအနားကို ယခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိသော်လည်း ယနေ့ကျင်းပသည့် ဗီဒီယိုကွန်ဖရင့်မှ တွေ့ဆုံမှုက

*စာမျက်နှာ ၃ ကော်လံ ၁* ❑

- ❖ COVID-19 **ကူးစက်ရောဂါကြောင့် စိန်ခေါ်မှုများ ရင်ဆိုင်နေရသည့်ကာလတွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို စံနမူနာပြုထိုက်စွာ ထမ်းဆောင်သည့် ဗီယက်နမ်၏ အခန်းကဏ္ဍကို ချီးကျူးဂုဏ်ပြု**
- ❖ **ကမ္ဘာ့ကပ်ရောဂါကို စုပေါင်းတုံ့ပြန်ကြရာတွင်** “COVID-19 **ကူးစက်ရောဂါတုံ့ပြန်ရေးတွင် ကုန်စည်များစီးဆင်းနိုင်မှု ချိတ်ဆက်ဆောင်ရွက်နိုင်ရေးနှင့် အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဟန္ဒိုင်းလုပ်ငန်းစဉ်” ကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန်လို**

**ပြင်သစ်နိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်မှုစိုးရိမ်ရသဖြင့် ကျောင်း၂၂ ကျောင်း ပိတ်လိုက်ရ**

စာ – ၁၂

**ဆယ်စုနှစ်များအတွင်း အင်အားအပြင်းထန်ဆုံး မုန်တိုင်းတစ်ခု ဂျပန်အနောက်ပိုင်းသို့ မကြာမီ ဝင်ရောက်မည်**

စာ – ၁၃

**COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၄–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

စာ – ၁၇

မြန်မာ့အလင်း

# ပြည်သူပူးပေါင်းပါဝင်မှုက အဓိက

ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြုလူနာအရေအတွက် ၁၁၀၀ ကျော်သွားခြင်းနှင့်အတူ အာဆီယံနိုင်ငံများဇယားတွင် မြန်မာနိုင်ငံက ဗီယက်နမ်နိုင်ငံ၏အထက်သို့ ရောက်ရှိသွားခဲ့သည်။ ရောဂါနှင့်စပ်လျဉ်း၍ သေဆုံးသူ အရေအတွက် အားဖြင့်လည်း တစ်ဦးတိုးသွားပြီဖြစ်သည်။

လက်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုက လွန်စွာလျင်မြန်နေပြီး ပိုးတွေ့လူနာအရေအတွက်အားဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများဆုံးဖြစ်စေကာမူ ပြည်တွင်းရှိ အခြားမြို့များတွင်ပါ ကူးစက်ပျံ့နှံ့မှုများကို တွေ့မြင်လာရပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်တွေ့ရသည့် ကိုဗစ်-၁၉ လူနာများ၏ ၇၅ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာတစ်စုံတစ်ရာမပြသည့်အပြင် ရောဂါပိုး၏ မြန်ဆန်သောကူးစက်မှုပုံစံကို တွေ့ရှိရသည့်အတွက် အမြင်အားဖြင့် ကျန်းမာနေသည့် ရောဂါပိုးရှိသူများထံမှ ထပ်မံပြန့်ပွားရန် အလားအလာများနေကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားလိုက်သည့် အချက်မှာလည်း လူတိုင်းသတိထားကြရမည့်အချက်ပင် ဖြစ်သည်။

ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ကူးစက်လူနာများ တွေ့ရှိမှုအပေါ်မူတည်၍ မြို့နယ်အချို့တွင် ပြည်သူများ နေအိမ်တွင် နေထိုင်ရေးအစီအစဉ် ချမှတ်ခြင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အဝင်အထွက် စိစစ်ဆောင်ရွက်နေခြင်းတို့က ကပ်ရောဂါကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ထိန်းချုပ်နိုင်ရေး လိုအပ်ချက်အရ ဆောင်ရွက်နေခြင်းဖြစ်ပြီး ရောဂါကူးစက်ပျံ့နှံ့မှုအခြေအနေ အနိမ့်အမြင့်၊ အတက်အကျပေါ်မူတည်၍ ထိန်းချုပ်မှု သို့မဟုတ် ဖြေလျှော့မှုတို့ကို ဆောင်ရွက်သွားရမည်သာဖြစ်သည်။ ရောဂါကူးစက်ပျံ့နှံ့မှု လျင်မြန်မြင့်မားနေသည့် အခြေအနေတွင် ပြည်သူများအနေဖြင့် အတတ်နိုင်ဆုံး မိမိတို့အိမ်များတွင်သာ နေထိုင်ကြရန်နှင့် သက်ဆိုင်ရာမှ ရောဂါကူးစက်မှုအပေါ် ရှာဖွေဖော်ထုတ်မှုများတွင် ဝိုင်းဝန်းပူးပေါင်းကူညီကြရန် တိုက်တွန်းလိုသည်။ မိမိတို့အိမ်အနီး ပတ်ဝန်းကျင်တွင် ရောဂါကူးစက်မှုဖြစ်ပွားရာဒေသများမှ လာရောက်သူများရှိပါက သက်ဆိုင်ရာသို့ သတင်းပို့ခြင်းဖြင့် ကပ်ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပေါ်ရေးအတွက် ဝိုင်းဝန်းကူညီနိုင်သည်။ ဤသို့ပြုလုပ်ခြင်းမှာ လူမှုအသိုင်းအဝိုင်းအပေါ် ကောင်းမှုပြုခြင်းလည်းဖြစ်သည်။ အကယ်၍သာ ဤသို့ဆောင်ရွက်ခြင်းမရှိပါက ထပ်ဆင့်ရောဂါကူးစက်မှုများဖြစ်ပေါ်ပြီး မိမိနှင့်တကွ မိမိ မိသားစုအပါအဝင် ဆက်စပ်နေသည့် အသိုက်အဝန်းများ ထိခိုက်ခံစားကြရမည်ဖြစ်သည်။ ထို့အပြင် ရောဂါကူးစက်ပျံ့နှံ့မှု ကျယ်ပြန့်များပြားလာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့ ထိခိုက်ဆုံးရှုံးမှု ပိုမိုကြီးမားလာမည်ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် ရောဂါကူးစက်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်ရေးနှင့် လျင်လျင်မြန်မြန်ထိန်းချုပ်နိုင်ရေးတို့တွင် လူတိုင်းပူးပေါင်းပါဝင်ကြဖို့လိုသည်။

ယခုအခါ ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများပြားနေသည့်အတွက် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးတို့ကို အစွမ်းကုန်ကြိုးပမ်းနေရပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများ၊ ရောဂါဗေဒ၊ အဏုဇီဝဗေဒ၊ ခေတ်မှန်နှင့် ဆေးဝါးပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ၊ သားဖွားဆရာမများ စသည်တို့မှာ ရခိုင်ပြည်နယ်သို့ မိမိတို့၏ဆန္ဒအလျောက် သွားရောက်တာဝန်ထမ်းဆောင်ကာ ကပ်ရောဂါနှင့်ရင်ဆိုင်တိုက်ပွဲဝင်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်။ မိမိတို့ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီနေထိုင်ကြခြင်းအားဖြင့် ရောဂါကူးစက် ပျံ့နှံ့မှုမဖြစ်အောင် ဆောင်ရွက်နိုင်ကြသည်ကို မမေ့မလျော့ကြရန်လိုသည်။

ကိုဗစ်-၁၉ ရောဂါသည် မမြင်နိုင်သည့်ရောဂါဟူ၍ ဆိုနိုင်သည်။ မည်သူသည် ကူးစက်ရောဂါပိုးကို သယ်ဆောင်ထားသလဲဆိုသည်ကို မသိနိုင်။ လေထုနှင့်တကွ မိမိအနီးပတ်ဝန်းကျင်မှာရော ကိုဗစ်-၁၉ ရောဂါပိုးတို့ မည်မျှရှိနေမလဲကို သာမန်အားဖြင့် မိမိတို့မသိ မမြင်နိုင်။ သတိဖြင့်ဆင်ခြင်၍သာ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ခြင်းဖြင့် ကပ်ရောဂါဘေးမှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ တပ်ကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ယနေ့ နံနက် ၉ နာရီက နေပြည်တော် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညှိနှိုင်းခန်းမ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို တိကျလိုက်နာ ဆောင်ရွက်သွားရန် မှာကြားသည်။

တွေ့ဆုံပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးတင့်သိမ်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်မြသန္တာဌေး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးထွန်းထွန်းမင်းတို့ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွက် ကွင်းဆင်းဆောင်ရွက် ညှိနှိုင်းပေးစဉ်။

တပ်ကုန်းမြို့နယ်တွင် ပထမအကြိမ် မဲစာရင်းကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ကြေညာထားရှိခဲ့ရာ ပုံစံ(၃)ဖြင့် လျှောက်ထားသူပေါင်း ၂၉၃၉ ဦး၊ ပုံစံ(၄)ဖြင့် ကန့်ကွက်ထားသူပေါင်း ၁၃၂၅ ဦး၊ ပုံစံ(၄-က)ဖြင့် ပြင်ဆင်ခွင့်တင်ပြသူပေါင်း ၁၃၁၃ ဦး ရှိကြောင်းနှင့် ရပ်ကွက်/ ကျေးရွာအုပ်စုပေါင်း ၅၅ အုပ်စု၊ ဆန္ဒမဲပေးခွင့်ရှိသူပေါင်း တစ်သိန်းခုနစ်သောင်းကျော်ရှိပြီး မဲရုံပေါင်း ၁၃၅ ရုံဖြင့် လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးကို Video Conferencing ဖြင့် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များက နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လည်းကောင်း၊ ကျန်အဖွဲ့ဝင်များက သက်ဆိုင်ရာနေရာဒေသများမှ လည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း ၁၀ ခုမှ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းသစ် ရှစ်ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂၉ ဒသမ ၅၇၃ သန်းနှင့် ငွေကျပ် ၁၃၉၄၃၈ ဒသမ ၃၃၂ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၁၅၇ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နိုင်ငံ/ဒေသပေါင်း ၅၁ ခုမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၃၂ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၃ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၁ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဦးကျော်မိုးထွန်း အား နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း အား နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## ဦးမြင့်သူ အား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်သူအား ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၁၂ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၄**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၁၂ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။

**ကြီးကြပ်ဆောင်ရွက်လျက်ရှိ**

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ ၂၃၇၉ ဦး စုစုပေါင်း ၇၃၉၉၂ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

**ပို့ဆောင်ပေးခဲ့**

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၁၇ ဦး၊ အမျိုးသမီး ၁၉၅ ဦး စုစုပေါင်း ၅၁၂ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၅၃)ကြိမ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အဖြစ် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် video conferencing စနစ်ဖြင့် ဆွေးနွေးစဉ်။ သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

အာဆီယံ၏ စည်းလုံးညီညွတ်ပြီး၊ အတူတကွပေါင်းစည်းသည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်စေခဲ့ကြောင်း၊ အာဆီယံ၏ပုံရိပ်ကို မြှင့်တင်ရာတွင်လည်းကောင်း၊ အာဆီယံပြည်သူများအကြား ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်ရာတွင်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးတွင်ရှိသည့် အာဆီယံသံရုံးများ၏ အရေးပါမှုကို အသိအမှတ်ပြုကြောင်း၊ မြန်မာနိုင်ငံသားများ နေရပ်သို့ ပြန်နိုင်ရေးအတွက် ကယ်ဆယ်ရေးလေယာဉ်များ မြန်မာအစိုးရမှ စီစဉ်ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ပေးကြသည့်အတွက် ရန်ကုန်မြို့အခြေစိုက် အာဆီယံသံရုံးများအား ကျေးဇူးတင်ရှိကြောင်း၊ COVID-19 ကူးစက်ရောဂါကြောင့် စိန်ခေါ်မှုများ ရင်ဆိုင်နေရသည့်ကာလတွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို စံနမူနာပြုထိုက်စွာ ထမ်းဆောင်သည့် ဗီယက်နမ်၏ အခန်းကဏ္ဍကို ချီးကျူးဂုဏ်ပြုကြောင်း၊ ကမ္ဘာ့ကပ်ရောဂါကို စုပေါင်းတုံ့ပြန်ကြရာတွင် “COVID-19 ကူးစက်ရောဂါ တုံ့ပြန်ရေးတွင် ကုန်စည်များစီးဆင်းနိုင်မှု ချိတ်ဆက်ဆောင်ရွက်နိုင်ရေးနှင့် အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဟန္နိုင်းလုပ်ငန်းစဉ်” ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### လုပ်ငန်းစဉ်တစ်ရပ်ချမှတ်

COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အစိုးရအနေဖြင့် ကူးစက်ရောဂါကို အချိန်မီတုံ့ပြန်ဆောင်ရွက်ပြီး အခြေအနေကို ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးလျက်ရှိသကဲ့သို့ လက်ရှိအခြေအနေအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် (၇) မြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ် (၅) မြို့နယ်တို့တွင် “နေအိမ်တွင် နေထိုင်ရေးအစီအစဉ်” များကို ချမှတ်ခဲ့ကြောင်း၊ နိုင်ငံတကာခရီးသွားများ မြန်မာနိုင်ငံသို့ ဝင်ရောက်မှုကို ကန့်သတ်ခြင်းနှင့် ပြည်ဝင်ဗီဇာထုတ်ပေးမှုယာယီကန့်သတ်ထားရှိခြင်းတို့ကို စက်တင်ဘာလကုန်ပိုင်းအထိ တိုးမြှင့်ထားကြောင်း၊ အစိုးရအနေဖြင့် “မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးမူ” ကို ကျင့်သုံးလျက် IDP များ၊ မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သည့် လူ့အဖွဲ့အစည်းများအတွက် အဓိကရည်ရွယ်သည့် လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် အာဆီယံသံအမတ်ကြီးများက ၎င်းတို့၏နိုင်ငံရှိ COVID-19 ကူးစက်ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေများနှင့် ကူးစက်ရောဂါ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ၎င်းတို့အစိုးရအသီးသီး၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အာဆီယံသံအမတ်ကြီးများက COVID-19 ကူးစက်ရောဂါ တုံ့ပြန်ရေးဆိုင်ရာ သတင်းအချက်အလက်များ၊ အတွေ့အကြုံများနှင့် အလေ့အထကောင်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ယင်းသို့ ဆွေးနွေးကြရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ပြည်သူတစ်ဦးချင်းအနေဖြင့် ချမှတ်ထားသည့် စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာရန် အရေးကြီးကြောင်း၊ အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရသည့် ကာလတွင် စားနပ်ရိက္ခာ၊ ဆေးဝါးများနှင့် အရေးပေါ်သုံးပစ္စည်းများ အပါအဝင် မရှိမဖြစ်လိုအပ်သည့် ကုန်ပစ္စည်းများ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်နိုင်စေရန် လိုအပ်ကြောင်း၊ COVID-19 ကူးစက်ရောဂါကို တုံ့ပြန်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် ကျေနပ်အားရကြောင်း၊ COVID-19 အလွန်ကာလကို COVID-19 မတိုင်မီကာလထက် သာလွန်ကောင်းမွန်စေရေးအတွက် အတူတကွဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

သတင်းစဉ်

## ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသစ်တွင် စီးပွားဖြစ်ရပ်တည်နိုင်စွမ်းရှိမှု သေချာသည့် စက်မှုဇုန်နှင့် အခြေခံအဆောက်အအုံများကို တည်ဆောက်ရန် ဆွစ်ယှဉ်ပြိုင် တင်ဒါခေါ်ယူနိုင်ရေး အကြံပေးဝန်ဆောင်မှုလုပ်ငန်း အပ်နှံစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၄**

ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ်တွင် ပါဝင်သည့် လုပ်ငန်းစီမံကိန်းများအနက် စီးပွားဖြစ် ရပ်တည်နိုင်စွမ်းရှိမှု သေချာသည့် စက်မှုဇုန်နှင့် အခြေခံအဆောက်အအုံများကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်ရန် ပွင့်လင်းမြင်သာမှုရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဆွစ်ယှဉ်ပြိုင်တင်ဒါ (Swiss Challenge) ခေါ်ယူနိုင်ရေး အကြံပေးဝန်ဆောင်မှုလုပ်ငန်း အပ်နှံစာချုပ် လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်ခန်းမတို့၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်ကျင်းပသည်။



လက်မှတ်ရေးထိုးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ Swiss Challenge တင်ဒါကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ တင်ဒါကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဆက်အောင်နှင့် ဦးဗရတ်ဆင်းတို့သည် နေပြည်တော်မှလည်းကောင်း၊ တင်ဒါကော်မတီအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးရဲမင်းဦးနှင့် တင်ဒါကော်မတီအတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် Roland Berger Pte. Ltd. မှ တာဝန်ရှိသူများက ရန်ကုန်မြို့တော်ခန်းမမှလည်းကောင်း ပါဝင်တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ယနေ့သည် ရန်ကုန်မြို့ အနောက်ဘက်ကမ်းတွင် ခေတ်မီမြို့သစ်ဖော်ဆောင်နိုင်ရေး ရည်မှန်းချက်ကို လက်တွေ့ အကောင်အထည်ဖော်ရန် ခြေလှမ်းသစ်တစ်ရပ်ကို အစပြုမည့် မှတ်တိုင်တစ်ရပ် စိုက်ထူနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ်တွင် ပါဝင်သည့် လုပ်ငန်းစီမံကိန်းများအနက် စီးပွားဖြစ် ရပ်တည်နိုင်စွမ်းရှိမှု သေချာသည့် စက်မှုဇုန်နှင့် အခြေခံအဆောက်အအုံများကို ဦးစွာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းနှင့်အညီ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတို့ကို အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ရန်ကုန်မြို့တွင် စက်မှုလုပ်ငန်းများ ပိုမိုချဲ့ထွင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံ့စီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ လျော့ပါးစေရေးနှင့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးနိုင်ရေး အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏အနှစ်သာရလည်း ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများအပြား ဆွဲဆောင်နိုင်ရန်အတွက် လိုအပ်လျက်ရှိသည့် ခေတ်မီအခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ယခုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးအရ အချက်အချာကျပြီး မြန်မာ့အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၂၆ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိရာ ရန်ကုန်မြို့တော်တွင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံသူများ ပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်း။

ထို့အပြင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအပါအဝင် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာခြင်းမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သော ရန်ကုန်မြို့တော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည့်အပြင် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အပံ့ ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Swiss Challenge တင်ဒါကော်မတီ အတွင်းရေးမှူး၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးနှင့် Roland Berger Pte. Ltd.မှ တာဝန်ရှိသူတို့က ပြည်ထောင်စုဝန်ကြီး ရှေ့မှောက်တွင် အကြံပေးဝန်ဆောင်မှုလုပ်ငန်း အပ်နှံစာချုပ်ကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါ စီမံကိန်းတွင် စက်မှုဇုန်၊ တန်ဖိုးနည်းအိမ်ရာများနှင့် အထောက်အကူပြု အခြေခံအဆောက်အအုံများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကန်ပက်လက်မြို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

❊ *ကျောဖုံးမှ*

ထို့နောက် ဒုတိယသမ္မတသည် ကန်ပက်လက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကန်ပက်လက်မြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက မိမိတို့ အစိုးရသက်တမ်းကာလအတွင်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပြီးစီးခဲ့မှုများကို လက်တွေ့ကျကျ သိမြင်နိုင်ရန်၊ ဒေသဖွံ့ဖြိုးရေး ဆက်လက်ဆောင်ရွက်စရာရှိသည်များ ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူတို့၏ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များကို သိရှိနိုင်ရန် လာရောက်ရခြင်း ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဖြစ်သည့် ချင်းပြည်နယ်အတွက် အရေးအကြီးဆုံးသော လိုအပ်ချက်တစ်ရပ်သည် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆက်သွယ်သွားလာမှု အခက်အခဲများကို လက်တွေ့မြင်တွေ့နိုင်ရန် ယခုကဲ့သို့သော သွားလာမှုအခက်ခဲဆုံး မိုးရာသီကာလကို တမင်ရွေးချယ်၍ လာရောက်ရခြင်း ဖြစ်ပါကြောင်း။

## တိုးမြှင့်ဖွင့်လှစ်ပေးသွားမည်

ချင်းပြည်နယ် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းအားထုတ်ဆောင်ရွက်နေသည့် ကာလဖြစ်ပြီး ယခင်ကာလများထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ကြရမည် ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အပေါ်ထားရှိသည့် နိုင်ငံတော်အစိုးရ၏ စေတနာမေတ္တာများကို လက်တွေ့ခံစားနေကြရပြီ ဖြစ်ပါကြောင်း၊ မင်းတပ်ကောလိပ်အဆင့်မှ မင်းတပ်တက္ကသိုလ်အဆင့်အထိ တိုးမြှင့်ဖွင့်လှစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးကို ရည်ရွယ်၍ ကန်ပက်လက်– ဆမီး– ပလက်ဝလမ်းမကြီးကို မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်ရေးလမ်းမကြီးအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ အလားတူ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချင်းပြည်နယ်(မြောက်ပိုင်း)တွင် ဆူဘုန်ရ်လေဆိပ်ကို တည်ဆောက်လျက်ရှိသကဲ့သို့ ချင်းပြည်နယ်(တောင်ပိုင်း)၌လည်း လိုင်လင်းပီလေယာဉ်ကွင်း တည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီ ဖြစ်ပါကြောင်း၊ ချင်းပြည်နယ် လျှပ်စစ်ကဏ္ဍ တိုးမြှင့်နိုင်ရေးအတွက် လည်မျိုမြစ်ရေအားလျှပ်စစ် တည်ဆောက်ရေးစီမံကိန်းအတွက် ကွင်းဆင်းလေ့လာမှုများ လုပ်ဆောင်လျက်ရှိပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း။

## ကြိုးပမ်းဆောင်ရွက်သွားကြရမည်

ချင်းပြည်နယ်၏ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးနိုင်ရေးအတွက် ချင်းပြည်နယ်၏ တောတောင်ရေမြေသဘာဝနှင့် ကိုက်ညီပြီး ဈေးကွက်ဝင်သည့် “ဝ”ဥ ၊ ကော်ဖီနှင့် ထောပတ် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းကို ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ချေးငွေရရှိနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်ပေးသွားကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနေသည့် ကာလတွင် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် တတ်အားသရွေ့ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် ရရှိခံစားနိုင်ကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကန်ပက်လက်မြို့ မြို့မိမြို့ဖ ဦးမြမောင်းက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သည့် ကန်းလောင်းကျေးရွာအနီး အသေးစားလေယာဉ်ကွင်း တည်ဆောက်ပေးနိုင်ရေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသစ် တည်ဆောက်ပေးနိုင်ရေး၊ မြို့တော်ခန်းမ တည်ဆောက်ပေးနိုင်ရေးနှင့် ကျင်ဒွေး – လောင်းရှည် မော်တော်ကားလမ်း ကတ္တရာခင်းပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီး ဦးရွှေထီးအိုး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## ထောက်ပံ့ငွေများ ပေးအပ်

ယင်းနောက် ဒုတိယသမ္မတက ကိုဗစ် – ၁၉ ကာလအတွင်း ကန်ပက်လက်မြို့နယ်တွင် စေတနာ့ဝန်ထမ်း Volunteer ထမ်းဆောင်ခဲ့သူများအား ထောက်ပံ့ငွေများ ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးတင်မြင့်က ကန်ပက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကန်ပက်လက်မြို့မှ မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာရှိ ချင်းတောင်ရတနာ “ဝ”ဥ လွှာခြောက်စက်ရုံ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက စက်ရုံဆိုင်ရာ အချက်အလက်များ၊ “ဝ”ဥမှ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နေမှု၊ “ဝ”ဥလွှာ အခြောက်ခံစက် စမ်းသပ်လည်ပတ်နေမှု ၊ “ဝ”ဥ စိုက်ပျိုးခြင်းကို အကျိုးတူ လယ်ယာကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက “ဝ”ဥ တစ်ဧက စိုက်ပျိုးလျှင် “ဝ”ဥ အစို ပျမ်းမျှပိဿာ ၅၀၀၀ ခန့် ထွက်ရှိသဖြင့် လက်ရှိဈေးကွက်ပေါက်ဈေးအရ တစ်ဧကလျှင် စိုက်ပျိုးစရိတ်ကုန်ကျငွေနုတ်ပြီး အမြတ်ငွေ သိန်း ၅၀ ခန့်ရရှိရာ စိုက်ပျိုးသည့် တောင်သူများအတွက် တွက်ခြေကိုက်သည့် ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန် အမယ်တစ်မျိုး ဖြစ်ပါကြောင်း၊ “ဝ”ဥကို တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ပါက ယခုထက် ဝင်ငွေ သုံးဆခန့် ပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် “ဝ”ဥ စိုက်ပျိုးရေးကို ဒေသခံများ ပိုမိုစိတ်ဝင်စားမှု အားကောင်းလာစေရန် စွမ်းဆောင်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် “ဝ”ဥ လွှာခြောက်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

## ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး

အဆိုပါ “ဝ”ဥ လွှာခြောက်စက်ရုံသည် ချင်းတောင်တန်းများပေါ်ရှိ သဘာဝအတိုင်း စိုက်ပျိုးထားရှိသော“ဝ”ဥများကို ခေတ်မီအခြောက်ခံစက်ဖြင့် လေပူစနစ်သုံး၍ သန့်ရှင်းသပ်ရပ်စွာ အခြောက်ခံထားသော “ဝ”ဥတန်ချိန် ၃၀၀ ခန့် ထုတ်လုပ်နိုင်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် အစိုးရနည်းပညာ အထက်တန်းကျောင်း (မင်းတပ်) ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးအောင်ထိုက်သူက ကျောင်းဆိုင်ရာ အချက်အလက်များနှင့် ဆောက်လုပ်ဆဲကျောင်းအဆောက်အဦဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ကျောင်းအဝင်လမ်းကို ရေရှည်ရည်မှန်း၍ ရာသီမရွေးသွားလာနိုင်သည့် လမ်းအဖြစ် ဆောင်ရွက်သွားရန်၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်တစ်ဆောင် ထပ်မံဆောက်လုပ်ပေးနိုင်ရန်နှင့် မြေပြိုကျသည့် နေရာတွင် မြေထိန်းနံရံ တည်ဆောက်သွားရန် မှာကြားသည်။

အဆိုပါ အစိုးရနည်းပညာ အထက်တန်းကျောင်း (မင်းတပ်) သည် ၁၉၈၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ လက်မှုပညာသင်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အတတ်ပညာလေ့ကျင့်ရေး သင်တန်းကျောင်း(မင်းတပ်)အဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ယနေ့အထိ အစိုးရနည်းပညာ အထက်တန်းကျောင်း (မင်းတပ်)အဖြစ် လည်းကောင်း ဖွဲ့စည်းတည်ဆောက်ခဲ့သည်။

## သင်တန်းများ ဖွင့်လှစ်သင်ကြားပေး

အစိုးရနည်းပညာအထက်တန်းကျောင်း (မင်းတပ်) တွင် အဆောက်အဦနည်းပညာသင်တန်း၊ အီလက်ထရွန်နစ်နည်းပညာသင်တန်း၊ မော်တော်ယာဉ်နည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်းနှင့် သုတေသနနည်းပညာသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကာလတိုသင်တန်းများအဖြစ် အခြေခံကွန်ပျူတာသင်တန်း၊ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတသည် မင်းတပ်မြို့ မြို့မဈေးခန်းမ၌ မင်းတပ်မြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက မင်းတပ်မြို့သည် ယခင်ရောက်ရှိခဲ့သည့် အချိန်ကာလများထက် ပိုမိုဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ မင်းတပ်ကောလိပ်ကို တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်မည်ဖြစ်၍ များစွာဂုဏ်ယူမိပါကြောင်း၊ ချင်းပြည်နယ်၏ တောတောင်ရေမြေသဘာဝသည် ဈေးကွက်ဝင် “ဝ”ဥ ၊ ကော်ဖီနှင့် ထောပတ်များ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသည့်အတွက် နိုင်ငံတကာ ဈေးကွက်အထိ တင်ပို့ရောင်းချနိုင်ရန် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ အလားတူ နွားနောက်မွေးမြူရေးလုပ်ငန်းကိုလည်း တိုးချဲ့ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် ဒေသဖွံ့ဖြိုးမှုများကို ဒေသခံပြည်သူများ လက်တွေ့ခံစားနေကြရပြီ ဖြစ်ပါကြောင်း၊ ဆိပ်ဖြူ – ဆော – ကန်ပက်လက် – မင်္ကီအိမ်နူး – ပလက်ဝ လမ်းသည် မြန်မာ – အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေးအတွက် များစွာအရေးပါကြောင်း၊ လည်မျိုမြစ်တွင် မဂ္ဂဝပ် – ၆၂၀ ရှိ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နိုင်ရန် တိုင်းတာဆောင်ရွက်လျက်ရှိပါကြောင်း။

## ပူးပေါင်းဆောင်ရွက်ပါက ကျော်လွှားနိုင်မည်

ကိုဗစ် – ၁၉ ရောဂါကို များစွာသတိထား ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အဆိုပါကပ်ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး အစိုးရနှင့်ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပါက ကျော်လွှားသွားနိုင်မည် ဖြစ်ပါကြောင်း၊ ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးသော ကုသခြင်းဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး ၅ နှစ်လျှင် တစ်ကြိမ်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်အတွက် အဆိုပါအခွင့်အရေးကို လက်လွှတ်မခံကြစေလိုပါကြောင်း၊ ဆန္ဒမဲစာရင်းများ မှန်ကန်စွာရရှိနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ အစိုးရ၏ မူဝါဒများ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အဓိက ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မင်းတပ်မြို့ မြို့မိမြို့ဖဥက္ကဋ္ဌ ဦးလောရိန်းအောင်က ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သည့် မင်းတပ်မြို့တော်ခန်းမ တည်ဆောက်နိုင်ရေး၊ မြို့သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး ဖွင့်လှစ်ပေးနိုင်ရေး၊ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး ခွင့်ပြုချထားပေးနိုင်ရေး၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်ရေး၊ ဖွဲ့စည်းပုံနှင့်အညီ ဆရာ ဆရာမများ ခန့်ထားပေးနိုင်ရေး၊ ကျောင်းအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် မင်္ကီအိမ်နူးမြို့တွင် မြို့အဆင့် ဌာနဆိုင်ရာများနှင့် အဆောက်အဦများ ခွင့်ပြုချထားပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် ဦးစိုးထက်၊ ဦးရွှေထီးအိုးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကိုဗစ် – ၁၉ ကာလအတွင်း ကန်ပက်လက်မြို့နယ်တွင် စေတနာ့ဝန်ထမ်း Volunteer ထမ်းဆောင်ခဲ့သူများအား ထောက်ပံ့ငွေများပေးအပ်ပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က မင်းတပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

> **“ချင်းပြည်နယ်၏ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးနိုင်ရေးအတွက် ချင်းပြည်နယ်၏ တောတောင်ရေမြေသဘာဝနှင့် ကိုက်ညီပြီး ဈေးကွက်ဝင်သည့် “ဝ”ဥ ၊ ကော်ဖီနှင့် ထောပတ် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ချေးငွေရရှိနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်ပေးသွားကြရမည်”**

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဝယ်ယူသော လူနာတင်ယာဉ် ၁၂ စီးအနက် ပထမအသုတ် လေးစီးအား လွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၄

**စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက COVID–19 Economic Relief Plan ဖြင့် ဝယ်ယူသော လူနာတင်ယာဉ် ၁၂ စီးအနက် ပထမအသုတ် လေးစီးအား လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လိုအပ်သော လူနာတင်ယာဉ်များကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ပေးနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်အတွင်းကပင် စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ အကြံဉာဏ်များရယူ၍ လူနာတင်ယာဉ် (Ambulance) ၅၅ စီးအား နိုင်ငံတကာစံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လိုင်စင်များရရှိအောင် ဆောင်ရွက်လွှဲပြောင်းပေးခဲ့ပါကြောင်း။

**တပ်ဆင်ထုတ်လုပ်**

လူနာတင်ယာဉ်အဖြစ် အသုံးပြုမည့် မော်တော်ယာဉ်၊ ယာဉ်အတွင်း တပ်ဆင် အသုံးပြုမည့် Medical Equipment နှင့် ဆက်စပ်ပစ္စည်းများကို ပွင့်လင်းမြင်သာစွာဖြင့် တင်ဒါခေါ်ယူပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အရေးပေါ်ကုသရေး ဆေးပညာဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီမည့် အသင့်တော်ဆုံးဒီဇိုင်းပုံစံဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် လူနာတင်ယာဉ်ဆိုင်ရာ အရည်အသွေးစစ်ဆေးအတည်ပြုချက်ထုတ်ပေးနိုင်ရေး လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ တပ်ဆင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လူနာတင်ယာဉ် ၁၂ စီး တပ်ဆင်ထုတ်လုပ်ရောင်းချရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့တွင် မော်တော်ယာဉ်လေးစီးကို ပထမအသုတ်အနေဖြင့် လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပြီး အမှာစာအရ ကျန်ရှိသော လူနာတင်ယာဉ်ရှစ်စီးကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ယခုလအတွင်း ဆက်လက်လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုလွှဲပြောင်းသော လူနာတင်ယာဉ် အတွင်းပိုင်းတွင် တပ်ဆင်ထားသော Medical Equipment များသည် အီတလီနိုင်ငံထုတ် Spancer အမျိုးအစားဖြစ်ပြီး Trimming Part များသည် တူရကီနိုင်ငံထုတ် ပစ္စည်းများဖြစ်ပါကြောင်း၊ Standard Type Ambulance မော်တော်ယာဉ်ဖြစ်သည့်အတွက် Medical Equipment ၁၂ မျိုး တပ်ဆင်ထားရှိပါကြောင်း၊ ဈေးကွက်လိုအပ်ချက်အရ Basic Type နှင့် Advance Type အမျိုးအစားများကိုလည်း ဝယ်ယူသည့် အမှာစာများအပေါ်မူတည်၍ ဆက်လက်ထုတ်လုပ်ပေးသွားမည် ဖြစ်ပါကြောင်း။

**ဖြန့်ဖြူးပေးနိုင်ရေး စီမံထားရှိ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ CERP ရန်ပုံငွေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများကို ထပ်မံဝယ်ယူမည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် အချိန်မီ ဖြည့်ဆည်းပေးနိုင်ရေး အဆင်သင့်ကြိုတင်စီမံ ဆောင်ရွက်ထားရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုအပ်သော ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများအား နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း GMP Guide Line များနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်ရေး စီမံထားရှိပါကြောင်း ပြောကြား သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ကိုဗစ်-၁၉ ကြောင့် ဆုံးရှုံးနစ်နာမှုများကို အချိန်နှင့်တစ်ပြေးညီ ကုစားရန် COVID–19 Economic Relief Plan (CERP) ကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်တွင် ရေးဆွဲထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းစီမံချက်တွင် ပန်းတိုင် ၇ ခုနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ပေါင်း ၇၆ ခု ပါဝင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များက လုပ်ငန်းစဉ် အသီးအသီး အကောင်အထည်ဖော်နေပြီ ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးကော်မတီနှင့် လိုအပ်သည့်ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရာတွင် နိုင်ငံတော်၏ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေးကော်မတီတို့ကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးနှင့် ဆေးပစ္စည်းဝယ်ယူရေးကော်မတီအနေဖြင့်ကတော့ လုပ်ငန်းတာဝန် (၉) ရပ်ရှိရာတွင် အရေးကြီးဆုံးအပိုင်းအနေဖြင့် အမှန်တကယ်လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူရန်နှင့် ဝယ်ယူသည့်ဆေးပစ္စည်းများ သတ်မှတ်ထားသည့်အချိန်အတွင်း ရောက်ရှိရေးပင် ဖြစ်ပါကြောင်း။

ဆေးနှင့် ဆေးပစ္စည်းဝယ်ယူရာတွင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူရမည့် ဆေးနှင့်ဆေးပစ္စည်းများရှိသလို နိုင်ငံတကာအကူအညီ၊ ချေးငွေများနှင့် ဝယ်ယူရန်ရှိပါကြောင်း၊ လိုအပ်သည့် ဆပ်ကော်မတီ (၄)ခု ဖြစ်သည့် ဝယ်ယူရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် အကောက်ခွန် ရှင်းလင်းရေးဆပ်ကော်မတီနှင့် အရည်အသွေးစိစစ်ရေး ဆပ်ကော်မတီတို့ကို သက်ဆိုင်ရာဌာနများက ညွှန်ကြားရေးမှူးချုပ်များဦးဆောင်မှုဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များကို လုပ်ဆောင်နေကြပြီ ဖြစ်ပါကြောင်း။

**အတည်ပြုဆွေးနွေး**

ဩဂုတ် ၃၁ ရက်က ဝယ်ယူရေးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက CERP အရ ပြည်တွင်း/ပြည်ပမှ ဝယ်ယူမယ့် ဆေးနှင့်ဆေးပစ္စည်း၊ စက်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအား အုပ်စုအလိုက်ခွဲ၍ အထွေထွေ ပိုလျှံရန်ပုံငွေ (GRF)အောက်မှ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲမည့် အစီအစဉ်တို့အပေါ် အတည်ပြုဆွေးနွေးခဲ့ကြပါကြောင်း၊ ယင်းမှာ ပြည်တွင်း၌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဆေးနှင့် ဆေးပစ္စည်း၊ PPE နှင့် Ambulance ၁၂ စီး မှာယူထားသည့် ကိစ္စများလည်း ပါဝင်ပါကြောင်း၊ ထို့အပြင် ဂျပန်နိုင်ငံ၏ အကူအညီနှင့် အင်းစိန်မြို့နယ်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် မြေနေရာတွင် Storage Facility တည်ဆောက်နိုင်ရေးအတွက် ဂျပန်သံရုံးဘက်ကို ဒီဇိုင်းပုံစံ အမြန်ဆုံးပြန်ကြားနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်သို့ အရေးပေါ်ဆေးပစ္စည်းများ အချိန်မီတင်ပို့နိုင်ရေးအတွက် လိုအပ်သည့်အခါတွင် လေကြောင်း/ ရေကြောင်းတို့ဖြင့် ပေးပို့နိုင်ရန် အမျိုးသားအဆင့်ဗဟိုကော်မတီကတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း၊ CERP ၏ လုပ်ငန်းစဉ် ၇.၁.၃ (က)အရ နိုင်ငံတကာမှ အကူအညီ/ချေးငွေရရှိရေးကို ဆောင်ရွက်ရာတွင် နိုင်ငံတကာချေးငွေ၊ အကူအညီအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနှင့် ဂျပန်ယန်း ၃၀ ဘီလီယံ ညှိနှိုင်းရယူထားပြီး အထောက်အပံ့ အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၅၃ သန်း၊ ယူရို ၆ ဒသမ ၂ သန်း၊ မြန်မာ ကျပ်ငွေ ၁၀,၀၀၀,၀၀၀ နှင့် ဂျပန်ယန်း ၂ ဘီလီယံတို့ကို ရရှိထားပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုလွှဲပြောင်းလက်ခံခဲ့သည့် လူနာတင်ယာဉ်လေးစီးအား ရခိုင်ပြည်နယ်သို့ ပို့ဆောင်ကာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အဆင့်မီလူနာတင်ယာဉ်များအား ထုတ်လုပ်ပေးခဲ့သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကို လည်းကောင်း၊ နိုင်ငံတကာပံ့ပိုးမှုများရရှိရန် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့အား ကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ ဝန်ကြီးဌာနများ၏ ဆောင်ရွက်ပံ့ပိုးပေးမှုများသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိပြီး ပြည်သူများ၏ အသက်ကိုကယ်တင်ပေးနေခြင်းလည်း ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အရေးပေါ် အသက်ကယ်ဆယ်ကုသမှုများ၊ လူနာတင်ယာဉ်တွင် တပ်ဆင်ထားသော စက်ကိရိယာများကို ကောင်းမွန်စွာအသုံးချကာ အရေးပေါ် လူနာများအား သယ်ယူပို့ ဆောင်မှုများ ပြုလုပ်ရန်အတွက် လူနာတင်ယာဉ်တွင်လိုက်ပါမည့် အရေးပေါ် အသက်ကယ်ပညာရှင် (paramedic) များကို လေ့ကျင့်မွေးထုတ်ပေးလျက် ရှိပါကြောင်း၊ ဝန်ကြီးဌာနတွင် လက်ရှိအသုံးပြုနေသော လူနာတင်ယာဉ်များအား အသုံးချဆောင်ရွက်နေမှု အခြေအနေများကို ဘက်စုံဆန်းစစ်သုံးသပ်ကာ ပိုမို အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ထံသို့ လူနာတင်ယာဉ်လေးစီး၏ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လူနာတင်ယာဉ်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးအထွေထွေညီလာခံ အထူးအစည်းအဝေး (UNGASS) ၏ ပထမအကြိမ်မြောက် Intersessional အစည်းအဝေးများ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

**(၁၁)ကြိမ်မြောက် ကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်ရွက်မှု ပြန်လည်သုံးသပ်ရေးအဖွဲ့၏ ပထမအကြိမ် Resumed အစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အစိုးရလုပ်ငန်းအဖွဲ့ အစည်းအဝေးတို့ကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၂ ရက် အထိ လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အထွေထွေညီလာခံ အထူးအစည်းအဝေး (UNGASS)၏ ပထမအကြိမ်မြောက် Intersessional အစည်းအဝေးကို စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ လည်းကောင်း Virtual Format ဖြင့် ကျင်းပသည်။**



အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုယ်စား ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး(ယာပုံ)နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်မွန်တို့ တက်ရောက်ခဲ့ကြသည်။

**အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးအထွေထွေညီလာခံ အထူးအစည်းအဝေး (UNGASS) ၏ ပထမအကြိမ်မြောက် Intersessional အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းပါ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ လက်တွေ့ဆောင်ရွက်ချက်များ ခိုင်မာအားကောင်းစေရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရေး၊ အပြန်အလှန်နည်းပညာ အကူအညီပေးအပ်နိုင်ရေးနှင့်အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ပိုင်ဆိုင်မှုများ ပြန်လည်ရယူရေးတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး စသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ အထူးသဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကုလသမဂ္ဂအထူးအစည်းအဝေး ၂၀၂၁ (UNGASS– 2021) ကျင်းပပြီး ထုတ်ပြန်မည့် အဖွဲ့ဝင်နိုင်ငံအချို့နှင့် စီးပွားရေးပေါင်းစည်းမှု အဖွဲ့အစည်းများက ပြုစုရေးဆွဲထားသည့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးကြေညာစာတမ်း(Political Declaration) မူကြမ်းအပေါ် ဆွေးနွေးအကြံပြုကြသည်။

**ဆွေးနွေးပြောကြား**

ကော်မရှင်သည် အဆိုပါ နိုင်ငံရေးကြေညာစာတမ်းမူကြမ်းပြုစုရေးဆွဲခြင်းကို ကြိုဆိုကြောင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး ကမ္ဘာလုံးဆိုင်ရာ ၂၀၃၀ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်၊ ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDG)နှင့် ချိန်ညှိပြီး ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) (MSDP)ပါ ရည်မှန်းချက်ပန်းတိုင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁) ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ နှစ်အလိုက် ရှေ့လုပ်ငန်းအစီအစဉ်များနှင့် ဒေသတွင်းနှင့် ဒေသပြင်ပ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားဖြစ်ကြက်မွေးမြူထုတ်လုပ်မှုကို သုံးသပ်ခြင်း


*လူငယ်ပညာရှင်အဖွဲ့ (မွေးကု)*

မြန်မာနိုင်ငံတွင် စားသုံးမှုအများဆုံးမှာ ကြက်သားဖြစ်ပြီး အဆီဓာတ် နည်းပါးခြင်း၊ အစာကြေလွယ်ခြင်း၊ အရသာကောင်းမွန်ခြင်း၊ အာဟာရပြည့်ဝခြင်းတို့ကြောင့် နာလန်ထစလူမမာများအတွက် ကြက်စွပ်ပြုတ်၊ ကြက်ပေါင်း စသည်ဖြင့် အထူးပြင်ဆင်ချက်ပြုတ်ထားသော ဟင်းလျာများကို စီမံကျွေးမွေးလေ့ရှိပါသည်။ ကြက်သားဟင်းမှာ အလှူအတန်းများတွင် မပါမဖြစ်သော ဟင်းလျာတစ်မျိုးလည်းဖြစ်ပြီး ကြက်ဥမှာ မြန်မာလူမျိုးများ နေ့စဉ်စားသုံးသည့် အာဟာရပြည့်ဝ၍ စီးပွားရေးအရ တွက်ခြေကိုက်သော အသားဓာတ်တစ်မျိုးလည်း ဖြစ်ပါသည်။ ဗမာကြက်ဟု အများခေါ်ဝေါ်သည့် တိုင်းရင်းကြက်ကို မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် မွေးမြူကြပြီး အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို များစွာအထောက်အကူပြုသော မွေးမြူရေး တိရစ္ဆာန်အဖြစ် တည်ရှိနေပါသည်။ စစ်တကောင်း၊ အင်ပင်ဝ၊ လည်ပြောင် စသည့် တိုင်းရင်းကြက်မျိုးများကို "အိမ်နောက်ဖေး ဈေးဆိုင်တည်" ဆိုသော စကားရပ်နှင့်အညီ တစ်နိုင်တစ်ပိုင် မွေးမြူကြပြီး ဈေးကောင်းကောင်းနှင့် ရောင်းချနိုင်သဖြင့် ကြက်မတစ်အုပ်မွေးမြူထားပါက မိသားစုအသုံးစရိတ်ကာမိအောင် ဝင်ငွေရရှိနိုင်ပါသည်။

တိုင်းရင်းကြက် မွေးမြူရေးလုပ်ငန်းသည် ရှေးပဝေသဏီကာလကပင် တည်ရှိနေပြီး အသားစားကြက်မျိုးများကို ၁၉၉၅ ခုနှစ်တွင် ပြည်ပမှ တင်သွင်း၍ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းအဖြစ် စတင်မွေးမြူလာခဲ့ကြသည်။ ဆယ်စုနှစ်တစ်ခုကို ကျော်ဖြတ်ပြီးနောက် အသားစားကြက်မွေးမြူရေးသာမက ဥစားကြက်မွေးမြူရေးလုပ်ငန်းပါ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပြီး အချိန်တိုကာလအတွင်း အကျိုးအမြတ်ရရှိစေနိုင်သည့် စီးပွားဖြစ်ကြက်မွေးမြူရေးလုပ်ငန်းတစ်ခုအဖြစ် အခိုင်အမာရပ်တည်လျက်ရှိနေပါသည်။ စားသုံးသူများအတွက်လည်း ကြက်သားနှင့် ကြက်ဥတို့ကို ရာသီမရွေး၊ ဈေးမရွေး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်သည့် အနေအထားတွင် ရှိပါသည်။

စီးပွားဖြစ် ကြက်မွေးမြူထုတ်လုပ်မှု လုပ်ငန်းကို နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများအပြင် ပြည်တွင်းလုပ်ငန်းရှင်များက ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေကြပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်တွင် စာရင်းကောက်ယူမှုအရ ပြည်တွင်း ဥစား/အသားစား ကြက်မွေးမြူရေးအခြေအနေမှာ ပြည်တွင်းစားသုံးမှုထက် ပိုလျှံအောင် ထုတ်လုပ်နိုင်သော အနေအထားတွင်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ အခြားတစ်ဖက်တွင်လည်း ကြက်ပေါက်ဈေးနှုန်းနှင့် အစာဈေးနှုန်း မတည်ငြိမ်ခြင်း၊ လိုအပ်သောအချိန်တွင် လိုအပ်သော သွင်းအားစုများ မရရှိခြင်းနှင့် ဈေးကွက်အနေအထား လျင်မြန်စွာပြောင်းလဲနေမှုတို့ကြောင့် မွေးမြူထုတ်လုပ်သူများ အကျိုးအမြတ်ရရှိမှု နည်းပါးသည်ဟု မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်မှတစ်ဆင့် သိရှိရပါသည်။

ဈေးကွက်စီးပွားရေးစနစ်၏ သဘောတရားအရ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ကုန်ပစ္စည်းများကို ဝယ်လိုအားနှင့်ချိန်ညှိ၍ အချိန်ကိုက်ထုတ်လုပ်ရောင်းချနိုင်မှသာ အကျိုးအမြတ်ရရှိမည်ဖြစ်ပေရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၀ ပြည့်နှစ် မေလတွင် မျိုးခြံများနှင့် ဥဖောက်စက်များသို့ online စနစ်ဖြင့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ ၁၃ ခုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသော ကုမ္ပဏီခုနစ်ခု စုစုပေါင်းကုမ္ပဏီ ၂၀ ကို မေးခွန်းပေးပို့၍ မျိုးခြံနှင့်ဥဖောက်စက်များ၏ ထုတ်လုပ်နိုင်မှုအခြေအနေကို စစ်တမ်းကောက်ယူခဲ့ပါသည်။ အဆိုပါကုမ္ပဏီများအနက် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီ ၁၀ ခုနှင့် နိုင်ငံခြားသားပိုင် ကုမ္ပဏီခုနစ်ခုမှ စစ်တမ်းဖြေဆိုပေးခဲ့ပြီး မျိုးခြံ စုစုပေါင်း ၁၄၄ ခြံနှင့် ဥဖောက်စက် စုစုပေါင်း ၁၈ ခုရှိကြောင်း စာရင်းရရှိခဲ့ပါသည်။ မျိုးခြံနှင့် ဥဖောက်စက်များမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် အများဆုံးတည်ရှိပြီး ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း တွေ့ရှိရပါသည် (ပုံ-၁)။





ပုံ-(၁) တိုင်းဒေသကြီး/ပြည်နယ်အလိုက် မျိုးခြံနှင့် ဥဖောက်စက်များ တည်ရှိရာ မြို့နယ် အရေအတွက်ကို ဖော်ပြထားသောပုံ။

စစ်တမ်းဖြေဆိုသော ကုမ္ပဏီ ၁၇ ခုအနက် မျိုးခြံနှင့် ဥဖောက်စက်တွဲဖက်လုပ်ကိုင်သည်မှာ ကုမ္ပဏီ ၁၃ ခုရှိပြီး ကျန်ကုမ္ပဏီလေးခုမှာ ဥဖောက်စက်လုပ်ငန်းကိုသာ လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

**မျိုးကြက်ဥထုတ်လုပ်မှုအခြေအနေကို ဆန်းစစ်ခြင်း**

မျိုးကြက်ခြံများမှ ၂၀၁၈ ခုနှစ်တွင် မျိုးကြက်ဥ စုစုပေါင်း ၁၈၄ ဒသမ ၅ သန်းအထိ ထွက်ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၁၈၂ ဒသမ ၁ သန်း ထုတ်လုပ်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီး စီးပွားရေးလုပ်ငန်းများ ခေတ္တရပ်ဆိုင်းခြင်းကြောင့် မျိုးကြက်ဥထုတ်လုပ်မှုမှာ ၁၀၅ ဒသမ ၄ သန်းခန့်သာရှိမည်ဟု ခန့်မှန်းတွက်ချက်ရပါသည် (ပုံ-၂)။ မျိုးကြက်ဥများအနက် အသားစားကြက်မျိုး ကြက်ဥများကို အများဆုံးထုတ်လုပ်ပြီး နိုင်ငံခြားသားပိုင်ကုမ္ပဏီများမှ ထုတ်လုပ်မှုမှာ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများ၏ ထုတ်လုပ်မှုထက် နှစ်ဆကျော်ရှိပြီး ဥစားကြက်မျိုးကြက်ဥကို မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများမှ ပိုမိုထုတ်လုပ်ကြောင်း တွေ့ရှိရပါသည် (ပုံ-၃)။


မျိုးခြံလုပ်ငန်း လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုသာမက ပြည်ပမှ ဘိုးဘွားမျိုးရင်း၊ မိဘမျိုးရင်းကြက်ဥများကိုလည်း တင်သွင်းလျက်ရှိပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စာရင်းဇယားများအရ အမေရိကန်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဘယ်လ်ဂျီယံနှင့် ပြင်သစ်နိုင်ငံတို့မှ ၂၀၁၉ ခုနှစ်အတွင်း မျိုးကြက်ဥစုစုပေါင်း ၇ ဒသမ ၁ သန်းနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း မျိုးကြက်ဥ ၁၁ ဒသမ ၃ သန်းခန့် တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည် (ပုံ-၄)။




ပုံ-(၄) ၂၀၁၉ နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ကုမ္ပဏီများမှ ပြည်ပမှ မျိုးကြက်ဥများတင်သွင်းမှု။

**ကြက်ပေါက်ထုတ်လုပ်မှုအခြေအနေကို ဆန်းစစ်ခြင်း**

ကြက်ပေါက် ထုတ်လုပ်မှုအခြေအနေ ဆန်းစစ်ချက်အရ နိုင်ငံခြားသားပိုင်ကုမ္ပဏီများ၏ ဥဖောက်စက်များမှ ကြက်ပေါက်ထုတ်လုပ်မှုသည် ကြက်ပေါက်ထုတ်လုပ်နိုင်မှု စုစုပေါင်းအနက် ၂၀၁၈ ခုနှစ်တွင် ၈၁ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်တွင် ၅၃ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၇၆ ရာခိုင်နှုန်းခန့်အထိ ထုတ်လုပ်ခဲ့ကြောင်း ခန့်မှန်းတွက်ချက်ရပါသည် (ပုံ-၅ နှင့် ၆)။





ပုံ-(၅) ခုနှစ်အလိုက် ကုမ္ပဏီများမှ ကြက်ပေါက်ထုတ်လုပ်မှုကို ဖော်ပြထားသောပုံ။


အချုပ်အားဖြင့် စီးပွားဖြစ်ကြက်မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် မျိုးကြက်ဥနှင့် ကြက်ပေါက်ထုတ်လုပ်မှုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများမှ ၇၆ ရာခိုင်နှုန်းခန့်ရှိပြီး မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ၂၄ ရာခိုင်နှုန်းခန့်ရှိကြောင်း ခန့်မှန်းသိရှိရပါသည်။ ကြက်ပေါက်ထုတ်လုပ်မှုကို နိုင်ငံခြားသားပိုင်ကုမ္ပဏီများမှ လွှမ်းမိုးထားပြီး ပြည်တွင်းရှိ အသားစားကြက်၊ ဥစားကြက် မွေးမြူသူအများစုမှာ ကြက်ပေါက်ရရှိရေးအတွက် နိုင်ငံခြားသားပိုင် ကုမ္ပဏီကြီးများအပေါ် မှီခိုနေရသည့်အနေအထားတွင် ရှိပါသည်။

**ပြည်တွင်း မျိုးကြက်ဥ၊ ကြက်ပေါက် ထုတ်လုပ်မှုနှင့် ပြည်ပတင်သွင်းမှုကို နှိုင်းယှဉ်ခြင်း**


စီးပွားဖြစ် ကြက်မွေးမြူရေးဈေးကွက်တွင် ပြည်ပမှ မျိုးကြက်ဥနှင့် ကြက်ပေါက်များ တင်သွင်းခြင်းကြောင့် ဈေးကွက်ပြိုင်ဆိုင်မှုဖြစ်ပေါ်လာပြီး မွေးမြူသူများအတွက် ထိခိုက်နစ်နာရကြောင်း ပြောဆိုမှုများ ရှိပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညှိနှိုင်း၍ ဈေးကွက်လိုအပ်ချက်အရ မျိုးကြက်ဥနှင့် ကြက်ပေါက်များ ပြည်တွင်းထုတ်လုပ်မှု မလုံလောက်သည့် အချိန်အခါများတွင် ပြည်ပမှ မျိုးကြက်ဥနှင့် ကြက်ပေါက်များကို တရားဝင်တင်သွင်းခွင့်ပြုလေ့ရှိပါသည်။ ဇယား (၁) တွင် ဖော်ပြထားသည့်အတိုင်း ၂၀၁၉ ခုနှစ်အတွင်း မျိုးကြက်ဥစုစုပေါင်း ၇ ဒသမ ၈ သန်းနှင့် ကြက်ပေါက်စုစုပေါင်း ၁၂ သန်းခန့်ကို တရားဝင်တင်သွင်းခွင့်ပြုခဲ့ပြီး ထိုပမာဏမှာ ပြည်တွင်းထုတ်လုပ်နိုင်မှု၏ ၄ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်းသာရှိသဖြင့် ပြည်ပမှ မျိုးကြက်ဥနှင့် ကြက်ပေါက် တင်သွင်းမှုကို ကန့်သတ်ခြင်းထက် ပြည်တွင်းထုတ်လုပ်မှုကို ဈေးကွက်လိုအပ်ချက်နှင့် ချိန်ညှိထုတ်လုပ်ရန် ပိုမိုအရေးပါကြောင်း သိရှိနိုင်ပါသည်။




ပုံ-(၂) ခုနှစ်အလိုက် ကုမ္ပဏီများမှ မျိုးကြက်ဥ ထုတ်လုပ်မှုကို ဖော်ပြထားသောပုံ။




ပုံ-(၆) ခုနှစ်အလိုက် ကုမ္ပဏီများမှ ကြက်မျိုးအလိုက် ကြက်ပေါက်ထုတ်လုပ်မှု။




ပုံ-(၃) ကုမ္ပဏီများမှ ကြက်မျိုးအလိုက် မျိုးကြက်ဥ ထုတ်လုပ်မှုကို ဖော်ပြထားသောပုံ။

ဥဖောက်စက်လုပ်ငန်းလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုသာမက ပြည်ပမှ ဘိုးဘွားမျိုးရင်း၊ မိဘမျိုးရင်း ကြက်ပေါက်များကိုလည်း တင်သွင်းလျက်ရှိပါသည်။ အမေရိကန်မှ ဘိုးဘွားမျိုးရင်း ကြက်ပေါက်များနှင့် သြစတြေးလျ၊ မလေးရှား၊ ထိုင်းတို့မှ မိဘမျိုးရင်းနှင့် စီးပွားဖြစ်မွေးမြူရန်အတွက် ၂၀၁၉ ခုနှစ်အတွင်းတွင် ကြက်ပေါက် စုစုပေါင်း ၀ ဒသမ ၂ သန်းနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ၀ ဒသမ ၀၂ သန်းခန့် တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည် (ပုံ-၇)။

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၄

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဇေယျာသီရိမြို့နယ်ရှိ နေပြည်တော် ပုံနှိပ်စက်ရုံတို့တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီတွင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့်အတူ Small Studio (II) ၌ စက်တင်ဘာ ၈ ရက် ညပိုင်းမှ စတင်၍ ထုတ်လွှင့်ဖော်ပြမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရိုက်ကူးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် Control Room တို့ကို ကြည့်ရှုစစ်ဆေးပြီး ပါတီအလံနှင့် တံဆိပ်များထင်ရှားပေါ်လွင်မှုရှိရေး၊ ရိုက်ကူးရေး တာဝန်ကျဝန်ထမ်းများအားလုံး ကိုဗစ် - ၁၉ ရောဂါကင်းရှင်းကြောင်း Swab နမူနာများ ကြိုတင်စစ်ဆေးဆောင်ရွက်ထားရေးနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်မြင်ဌာနခွဲရှိ ဖလင်တိပ်ခွေထိန်းသိမ်းရေးဌာနစိတ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Small Studio (II) ၌ စက်တင်ဘာ ၈ ရက် ညပိုင်းမှ စတင်၍ ထုတ်လွှင့်ဖော်ပြမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များအား ရိုက်ကူးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းနှင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း သတင်းရိုက်ကူးသည့် Small Studio (I) ၊ ရေဒီယိုဓာတ်ပြားတိုက်၊ ရုပ်မြင်ဌာနခွဲရှိ ဖလင်တိပ်ခွေထိန်းသိမ်းရေးဌာနစိတ် (Umatic and Betacam) နှင့် ဒစ်ဂျစ်တယ်နည်းဖြင့် မှတ်တမ်းများထိန်းသိမ်းသည့်နေရာ၊ သတင်းခန်းများ (News Studio)၊ HD စနစ်ဖြင့် အဆင့်မြှင့်တင်မွမ်းမံထားရှိသည့် ထုတ်လွှင့်ခန်း (Presentation II)၊ MRTV HD ထုတ်လွှင့်ခန်းနှင့် ရွေးကောက်ပွဲအသိပညာပေး လုံ့ဆော်တေးသီချင်းများ ရိုက်ကူးနေသည့် Auditorium ခန်းမတို့တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော် ပုံနှိပ်စက်ရုံသို့ရောက်ရှိပြီး ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# ငါန်းဇွန်မြို့နယ် ငါန်းမြာကျေးရွာတွင် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် လျှပ်စစ်မီးရရှိ

**မြင်းခြံ စက်တင်ဘာ ၄**

ငါန်းဇွန်မြို့နယ် ငါန်းမြာကျေးရွာတွင် တည်ဆောက်လျက်ရှိသော 66/11 KV၊ 5 MVA လျှပ်စစ်ဓာတ်အားခွဲရုံသစ်သို့ စက်တင်ဘာ ၄ ရက်က နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်နှင့် မြို့သာမြို့ရှိ ရပ်ကွက်ငါးခု၊ ကျေးရွာ ၉၉ ရွာအား လက်ရှိ 66/11 KV၊ 5 MVA ငါန်းဇွန်ခွဲရုံနှင့် 33/11KV၊ 5 MVA မြို့သာခွဲရုံနှစ်ရုံတို့မှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ငါန်းမြာဒေသရှိ ကျေးရွာများမှ မီးသုံးစွဲသူ ပြည်သူများ ဗို့အားပြည့်မီ ဓာတ်အားလုံလောက်စွာ ရရှိရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ယခုကဲ့သို့ 66/11KV၊ 5 MVA ငါန်းမြာခွဲရုံကို တိုးချဲ့တည်ဆောက်ခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် 66/11KV၊ 5 MVA ငါန်းမြာခွဲရုံမှ ဓာတ်အားဖြန့်ဖြူးနိုင်သည့်အတွက် ငါန်းဇွန်မြို့နယ်ရှိ မြို့ပေါ်/ကျေးရွာနေ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသော ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်ပြီး မြင်းခြံခရိုင်အတွင်း မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်များရှိ ကျေးရွာများအားလုံးတွင် ဩဂုတ်လ၌ လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်ရရှိအောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သီဟစည်သူ**

*စာမျက်နှာ ၆ မှ*


ဇယား- (၁) ကြက်ဥနှင့်ကြက်ပေါက်ထုတ်လုပ်မှုနှင့်တင်သွင်းမှုကို နှိုင်းယှဉ်ခြင်း

| ၂၀၁၉ ခုနှစ် | စစ်တမ်းကောက်ယူမှုအရ ပြည်တွင်းထုတ်လုပ်နိုင်မှု | ပြည်ပမှ တရားဝင်တင်သွင်းမှု | စုစုပေါင်း |
|---|---|---|---|
| **မျိုးကြက်ဥ** | **၁၈၂.၁ သန်း** | **၇.၈ သန်း** | **၁၈၉.၉ သန်း** |
| **ကြက်ပေါက်** | **၁၄၀.၇ သန်း** | **၁၂.၀ သန်း** | **၁၅၂.၇ သန်း** |


**အသားစားသုံးမှုအခြေအနေကို ဆန်းစစ်ခြင်း**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အသားထုတ်လုပ်မှု ကိန်းဂဏန်းများအရ ၂၀၁၈ ခုနှစ်တွင် လူတစ်ဦးလျှင် ပျမ်းမျှကြက်သားစားသုံးမှုမှာ ၃ ဒသမ ၇ ကီလိုဂရမ်နှင့် ၂၀၁၉ ခုနှစ်တွင် ၄ ဒသမ ၂ ကီလိုဂရမ်ရှိပြီး စစ်တမ်းမှ ရရှိလာသော စာရင်းများမှ ၂၀၁၈ ခုနှစ်တွင် လူတစ်ဦးလျှင် ပျမ်းမျှကြက်သား ၅ ကီလိုဂရမ်နှင့် ၂၀၁၉ ခုနှစ်တွင် ၆ ဒသမ ၉ ကီလိုဂရမ် စားသုံးမှုရှိကြောင်း ခန့်မှန်းတွက်ချက်ရပါသည် (ပုံ-၈)။ အမှန်တကယ် စားသုံးမှုအခြေအနေများကို ပိုမိုတိကျစွာ တွက်ချက်နိုင်ရန်အတွက် စစ်တမ်းများ ဆက်လက်ကောက်ယူရန် လိုအပ်သေးသော်လည်း မြန်မာနိုင်ငံ၏ စီးပွားဖြစ်ကြက်မွေးမြူထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် ပြည်တွင်းစားသုံးမှုကို ဖူလုံအောင် ထုတ်လုပ်ပေးနိုင်သည့် အနေအထားတွင်ရှိကြောင်း စစ်တမ်းအရ သိရှိခဲ့ရပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကြက်မွေးမြူရေးလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညှိနှိုင်း၍ ဈေးကွက်ပြောင်းလဲမှု အခြေအနေများ၊ တိုင်းရင်းကြက်မွေးမြူထုတ်လုပ်မှုအခြေအနေ၊ ကြက်ဥနှင့် ကြက်သားစားသုံးမှုအခြေအနေများကို ဆက်လက်လေ့လာဆန်းစစ်သွားမည်ဖြစ်ပြီး တွေ့ရှိချက်များကို ပြည်သူများ သိရှိနိုင်ရန် ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။




ပုံ-(၇) ၂၀၁၉ နှင့် ၂၀၂၀နှစ်အတွင်း ကုမ္ပဏီများမှ ပြည်ပမှ မျိုးကြက်ပေါက်များ တင်သွင်းမှု။




ပုံ-(၈) လူတစ်ဦး ပျမ်းမျှကြက်သားစားသုံးမှုကို နှိုင်းယှဉ်တွက်ချက်ခြင်း။

- မြန်မာနိုင်ငံရှိ မျိုးခြံနှင့် ဥဖောက်စက်များမှာ ပြည်တွင်း စားသုံးမှုကို လုံလောက်စွာ ထုတ်လုပ်နိုင်သည့် အနေအထားတွင် ရှိသည်။
- နိုင်ငံခြားသားပိုင် ကုမ္ပဏီများအနေဖြင့် စုစုပေါင်းထုတ်လုပ်မှု၏ ၇၆ ရာခိုင်နှုန်းခန့် ထုတ်လုပ်ပေးနေပြီး ပြည်ပမှ မျိုးကြက်ဥနှင့် ကြက်ပေါက်များကို တင်သွင်းမှုမှာ ပြည်တွင်းထုတ်လုပ်မှု၏ (၄) ရာခိုင်နှုန်းနှင့် (၇) ရာခိုင်နှုန်းသာ ရှိပါသည်။
- တွက်ချက်မှုအရ လူတစ်ဦး၏ တစ်နှစ်အတွက် ကြက်သားစားသုံးမှုမှာ (၆.၉) ကီလိုဂရမ်သာရှိပြီး အိမ်နီးချင်းနိုင်ငံများ၏ ကြက်သားစားသုံးမှုထက် များစွာလျော့နည်းလျက်ရှိသဖြင့် စီးပွားဖြစ်ကြက်မွေးမြူရေးလုပ်ငန်းကို ပိုမိုတိုးချဲ့နိုင်မည့် အခွင့်အလမ်းများစွာ ရှိပါသည်။
- ဈေးကွက် လိုအပ်ချက်ကိုလိုက်၍ ထုတ်လုပ်မှုကို ချိန်ညှိပေးနိုင်ပါက မွေးမြူသူအားလုံးအတွက် အကျိုးရှိမည့် လုပ်ငန်းအဖြစ် ရေရှည်ရပ်တည်နိုင်မည်ဟု သုံးသပ်ပါသည်။

# ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုအခြေအနေနှင့် ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများ နေ့စဉ်ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

**ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက် ပြန့်ပွားမှုအခြေအနေနှင့် ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများ နေ့စဉ်ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၄) ၌ ကျင်းပသည်။**

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိ ရခိုင်ပြည်နယ်၌ လျင်မြန်စွာ ပျံ့နှံ့နေသည့် ကိုဗစ်-၁၉ အား ထိရောက်စွာ အမြန်ဆုံး ထိန်းချုပ်နိုင်ရန် လက်တွေ့ မြေပြင်တွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများကို သိရှိရေးအတွက် လည်းကောင်း၊ ထပ်မံအားဖြည့် ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်း ပံ့ပိုးနိုင်ရန်အတွက် လည်းကောင်း၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်များနှင့် အတွေ့အကြုံ မျှဝေရန်အတွက်လည်းကောင်း၊ ရောဂါ ကာကွယ်ထိန်းချုပ်နေသည့် နည်းဗျူဟာပုံစံများကို လိုအပ်ပါက မွမ်းမံနိုင်ရန် ရည်ရွယ်၍လည်းကောင်း ပြုလုပ်သည့် ယခုနေ့စဉ် အစည်းအဝေးသည် လတ်တလောအချိန်ကာလ၌ အလွန်အရေးကြီးပါကြောင်း။

### အစွမ်းကုန်ကြိုးစား

ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လည်းကောင်း၊ အခြား အဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်လျက်ရှိသည့်အပြင် လူနာများ စောစီးစွာပျောက်ကင်းရန်နှင့် သေဆုံးမှုနည်းပါးစေရန် ဆေးရုံများ၌ ဆရာဝန်၊ ဆရာမနှင့် ကျွမ်းကျင်ပညာရှင်များသည် အစွမ်းကုန်ကြိုးစားအားထည့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနမှ ဆေးပညာအထူးကုများ၊ မေ့ဆေးအထူးကုများ၊ ရောဂါဗေဒ၊ အဏုဇီဝဗေဒ၊ ဓာတ်မှန်နှင့် ဆေးဝါးပညာရှင်များ၊ လက်ထောက်ဆရာဝန်နှင့် သွားနှင့် ခံတွင်းဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ ပညာရှင်များ၊ သူနာပြုအုပ်၊ သူနာပြုဆရာမကြီး၊ အထက်တန်းသူနာပြုနှင့် သူနာပြုများ၊ ကျန်းမာရေးမှူးများနှင့် သားဖွားဆရာမများ၊ ယခုအထိ စုစုပေါင်း ၁၂၈ ဦးသည် မိမိဆန္ဒအလျောက် ရခိုင်ပြည်နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ပံ့ပိုးနေသည်ကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း။

### အထိရောက်ဆုံးနည်းဗျူဟာ

ကပ်ရောဂါဗေဒ သဘောတရားများအရ ယခုလက်ရှိကာလတွင် တွေ့ရှိရသည့် ကိုဗစ်-၁၉ လူနာများနှင့် ထိတွေ့သူများတွင် ရောဂါကူးစက်မှုများ ဆက်လက် ရှိနေနိုင်ကာ ကူးစက်ဖြစ်ပွားသူ အရေအတွက်များသည် ရက်သတ္တပတ် (၁) ပတ်မှ (၂) ပတ်ခန့် ဆက်လက်မြင့်မားနေမည်ဟု ခန့်မှန်းရပါကြောင်း၊ ယခုအချိန်၌ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများနှင့် ကိုဗစ်-၁၉ ကူးစက်မှုများပြားနေသည့် ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသူများအား ရှာဖွေဖော်ထုတ်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းသည် အဓိကကျကာ လက်ရှိအချိန်အတွက် အထိရောက်ဆုံးနည်းဗျူဟာဖြစ်သည်ဆိုသည့် အချက်ကိုမိမိတို့အားလုံးသိရှိ သဘောပေါက်ရမည်ဖြစ်ပြီး ဤလုပ်ငန်းအား မိမိတို့အနေဖြင့် တတ်နိုင်သမျှ ပိုမိုအားထည့်၍ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်မှ လေကြောင်းခရီးဖြင့် ဝင်ရောက်လာသူများ မြန်မာနိုင်ငံရှိ မည်သည့်မြို့နယ်များသို့ ရောက်ရှိနေသည်ကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး ထိုမြို့နယ်များ၌ ရောဂါထိန်းချုပ်မှုလုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၌ တွေ့ရှိရသော ကိုဗစ်-၁၉ လူနာများ၏ ၇၅ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာ တစ်စုံတစ်ရာ မပြသည့်အပြင် ဤရောဂါပိုး၏ မြန်ဆန်သော ကူးစက်မှုပုံစံကို တွေ့ရှိရသည့်အတွက် အမြင်အားဖြင့် ကျန်းမာနေသည့် ရောဂါပိုးရှိ



ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုအခြေအနေနှင့် ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ နေ့စဉ်ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲကျင်းပစဉ်။ သတင်းစဉ်

သူများထံမှ ထပ်မံပြန့်ပွားရန် အလားအလာများနေပါကြောင်း။

### ချက်ချင်းဆက်သွယ်

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများနှင့် ရောဂါဖြစ်ပွားမှုများပြားနေသည့် ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသူများအား ရှာဖွေဖော်ထုတ်ခြင်း လုပ်ငန်းများတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု မရှိပါက ၎င်းတို့မှတစ်ဆင့် "ထပ်ဆင့်ရောဂါကူးစက်မှုများ" ဖြစ်ပွားကာ ထိန်းချုပ်ရန် ခက်ခဲသော အခြေအနေသို့ ရောက်ရှိသွားနိုင်သည့်အပြင် ဤရောဂါထိန်းချုပ်မှု ကာလမှာ ကြာရှည်သွားနိုင်ပါကြောင်း၊ ပြည်သူများအနေဖြင့် ဤအရေးကိစ္စသည် မိမိနှင့် မိမိ၏ မိသားစုအတွက် အလွန်အရေးကြီးသည့် ကိစ္စဖြစ်သည့်အပြင် နိုင်ငံ၏ အရေးကိစ္စလည်းဖြစ်သည် ဆိုသောအချက်ကို နှလုံးမူ၍ ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသူများအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းဆက်သွယ်ရန် အရေးကြီးပါကြောင်း။

ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသူများသည် ကျန်းမာရေးစစ်ဆေးမှုနှင့် အသွားအလာ ကန့်သတ်မှုခံယူရန်အား ရှောင်ပုန်းနေခြင်းများ ပြုလုပ်ပါက မိမိမှတစ်ဆင့် မိသားစုထံသို့ "ထပ်ဆင့်ရောဂါကူးစက်မှုများ" ဖြစ်ပွားနိုင်သည်ဆိုသည့် အချက်ကို သိရှိစေလိုပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အမြဲပြောကြားသည့် "မိမိ၌ ရောဂါကူးစက်ခံရပါက ထိုရောဂါပိုးသည် မိမိကိုယ်၌ ရှိနေသည်" ဆိုသည့် အချက်ကို သိရှိစေလိုပါကြောင်း။

ရခိုင်ပြည်နယ်၌ ရောဂါကူးစက်မှုမြန်ဆန်နေသည့်အတွက် အခြားသော ကူးစက်မှုနည်းပါးနေသည့် တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လိုအပ်သည့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မလျှော့ဘဲ ကြိုတင်စီစဉ် ဆောင်ရွက်ထားစေလိုပါကြောင်း၊ စည်းကမ်းလိုက်နာမှုများ အားကောင်းစေရန်နှင့် စနစ်တကျ ချိန်သားကိုက် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုရေးဝန်ကြီးများ၏ ဦးဆောင်စီမံခန့်ခွဲမှု အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း။

### ဖြေလျှော့ပေးသွားမည်

ဤရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးရှုထောင့် တစ်ခုတည်းမှ ဆောင်ရွက်ပါက လုံးဝလုံလောက်မည် မဟုတ်သဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးရှုထောင့်များမှ ဆောင်ရွက်နိုင်စေရန်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ လမ်းညွှန်မှုများဖြင့် မိမိတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်၌ ထိန်းချုပ်မှုလုပ်ငန်းများကို တင်းကျပ်စွာလုပ်ဆောင်လျက်ရှိသည်ကိုလည်း ပြည်သူများအနေဖြင့် နားလည်သဘောပေါက်ကြစေလိုပါကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုများ လျော့နည်းပြီးနောက် အခြေအနေ အရပ်ရပ်နှင့် ကိုက်ညီကာ ဖြေလျှော့သင့်သည့် အချိန်၌ ဖြေလျှော့ပေးသွားမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်သို့ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို လည်း အထူးလေယာဉ်များဖြင့် ပို့ဆောင်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ADB ၊ World Bank ၊ Gavi ၊ Global Fund ၊ USAID ၊ Access to Health Fund နှင့် ဂျပန်နိုင်ငံတို့မှ ပံ့ပိုးသော ဘဏ္ဍာငွေများကို အသုံးပြု၍ ဝယ်ယူထားသော ပစ္စည်းများလည်း စတင်ရောက်ရှိနေပြီး ရခိုင်ပြည်နယ်နှင့် လိုအပ်သည့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ချက်ချင်းခွဲဝေဖြန့်ဖြူးလျက် ရှိပါကြောင်း၊ ဤရောဂါထိန်းချုပ်ခြင်းကို အချိန်တိုအတွင်းထိရောက်အောင်မြင်ရန်မှာ ပြည်သူများ ပါဝင်ပူးပေါင်းပံ့ပိုးမှုပေးမှသာလျှင်ရရှိမည်ဖြစ်သည်ကို အလေးအနက် ပြောကြားလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာတိုးသီရိအောင်က လက်ရှိမြန်မာနိုင်ငံ၌ ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေများ ခြုံငုံသုံးသပ်မှုများကိုလည်းကောင်း၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးမွန်မွန်ကျော် က ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေအသေးစိတ်နှင့် ပတ်သက်၍ ခြုံငုံသုံးသပ်မှုများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှက လက်ရှိတွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ဆေးရုံများ၌ ကုသမှုခံယူနေသည့် ကိုဗစ်-၁၉ လူနာများ အခြေအနေများကိုလည်းကောင်း တင်ပြခဲ့ကြသည်။

### ဖြည့်စွက်ဆွေးနွေး

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတို့က ထူးခြားဖြစ်စဉ်များတင်ပြခြင်းနှင့် ဖြည့်စွက်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက် လာကြသူများက ဆွေးနွေး အကြံပြုခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၄

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ကျင်းပသည်။ (ဓါတ်ပုံ)

သတင်းစာရှင်းလင်းပွဲတွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ရခိုင်ပြည်နယ်အတွင်း ဩဂုတ်လအစောပိုင်းမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများတွေ့ရှိမှု များပြားလာသည့်အတွက် တပ်မတော်လေယာဉ်များဖြင့် ရောဂါကာကွယ်ထိန်းချုပ်ကုသရေး အထောက်အကူပြု ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းခဲ့မှု၊ တပ်မတော်အနေဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတကာစံနှုန်းအတိုင်း နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တိုးမြှင့်ရပ်ဆိုင်းပေးထားမှု၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့် နယ်မြေများတွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့မှုနှင့် ယင်းကာလအတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများ၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၉၆ သိန်းကျော်၊ ICE ၈၃၅၂ ကီလိုကျော် အပါအဝင် ကာလတန်ဖိုးငွေကျပ် ၇၆၁ ဘီလီယံကျော်တန်ဖိုးရှိမူးယစ်ဆေးဝါးများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့မှု၊ ရုရှားနိုင်ငံတွင် ကျင်းပနေသည့် International Army Games – 2020 ပြိုင်ပွဲ၏ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်နေမှု၊ နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘုမိဖသာမုဒြာထိုင်တော်မူကျောက်ဆစ် ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အစိတ်အပိုင်း (၁) ကို နေပြည်တော်သို့ ဆက်လက်ပင့်ဆောင်တည်ထား ပူဇော် သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# Safe and Fair Project ၏ အမျိုးသားအကြံပေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့- ILO နှင့် UN Women Myanmar တို့ပူးပေါင်း၍ Safe and Fair Project ပါ အာဆီယံဒေသတွင်းရှိ အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားများအတွက် အခွင့်အရေးများနှင့် အခွင့်အလမ်းများ ရရှိစေခြင်းနှင့် စပ်လျဉ်းသည့် အမျိုးသားအကြံပေးကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual meeting ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ အမျိုးသားအကြံပေးကော်မတီအဖွဲ့ဝင်များ၊ UN Resident Coordinator Office မှ UN Resident and Humanitarian Coordinator၊ Mr. Ola Almgren၊ ဥရောပသမဂ္ဂ ကိုယ်စားလှယ် Dr. Johann Hesse, Charged'Affaires၊ ILO Myanmar မှ Liaison Officer Mr. Donglin Li နှင့် UN Women Myanmar မှ Country Representative Mr. Nicholas Burniat တို့ တက်ရောက်ကြသည်။

**စီမံကိန်းအကျိုးရလဒ်လေ့လာရန်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက Safe and Fair Project အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်မှုရှိစေရေး ILO နှင့် UN Women Myanmar တို့အား အကြံဉာဏ်များ ပံ့ပိုးပေးနိုင်ရေး၊ ဘေးကင်းလုံခြုံပြီး မျှတမှုရှိသော ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဖြစ်စေရေးနှင့် လူကုန်ကူးခံရခြင်း၏ ဆိုးကျိုးများ လျှော့ချရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးရန်ဖြစ်ကြောင်း၊ စီမံကိန်း၏ မဟာဗျူဟာများနှင့် ဦးစားပေးကဏ္ဍများအပေါ် အကြံပြုချက်များ ပံ့ပိုးပေးရန်၊ စီမံကိန်းအကျိုးရလဒ်များကို စောင့်ကြည့်လေ့လာရန်၊ အစီရင်ခံစာများအပေါ် ပြန်လည်ဆွေးနွေးသုံးသပ်ရန်နှင့် အကြံပြုချက်များပေးနိုင်ရန် ရည်ရွယ်၍ အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း၊ Safe and Fair Project စီမံကိန်းအရ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနမှ ဝန်ထမ်းများအတွက် အကြိုသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပြီး ဟသ်ာတမြို့၊ အောင်လံမြို့၊ လှိုင်ကော်မြို့တို့တွင် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (MRCs)များ ဖွင့်လှစ်ခဲ့ပြီး မိုးညှင်းမြို့တွင် ဆက်လက်ဖွင့်လှစ်ရန် ကျန်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် အသိပညာပေးလုပ်ငန်းများကို ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီးမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုကြောင်း။

အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားများအတွက် လုပ်ငန်းခွင်အတွင်း ဥပဒေပါအခွင့်အရေးများ ဆုံးရှုံးမှုမရှိရေး၊ အကြမ်းဖက်မှုများ မခံရရေး လိုအပ်သည့် လူမှုကာကွယ်စောင့်ရှောက်မှုများ ပေးရန်လိုကြောင်း၊ အလုပ်သမား သံအရာရှိများနှင့် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများမှ သံအမတ်ကြီးများ၏ ဦးဆောင်မှုဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှုကြောင့် ပြန်လည်ဝင်ရောက်လာသူ ရွှေ့ပြောင်းလုပ်သား တစ်သိန်းခွဲကျော်သွားပြီဖြစ်၍ ကျွမ်းကျင်မှုအလိုက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်ထိ အကောင်အထည်ဖော် ဆောင်ရွက်မည့် Safe & Fair စီမံကိန်း၏ ရှေ့လုပ်ငန်းစဉ်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခံစားရသည့် ရွှေ့ပြောင်းအလုပ်သမားများ အပါအဝင် အလုပ်သမားများအားလုံးကို ဦးတည်ဆောင်ရွက်ပေးစေလိုကြောင်း၊ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲ အကျပ်အတည်းများကို အောင်မြင်စွာကျော်လွှားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ စဉ်ဆက်မပြတ် ပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ဦးစားပေးအစီအစဉ်များ**

ယင်းနောက် UN Resident Coordinator Office၊ ဥရောပသမဂ္ဂ ကိုယ်စားလှယ်၊ ILO နှင့် UN Women Myanmar တို့မှ ဌာနေကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး အစည်းအဝေး အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ILO နှင့် UN Women တို့က ရွှေ့ပြောင်းသွားလာခြင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ၊ Safe & Fair စီမံကိန်းနှင့်စပ်လျဉ်း၍ ၂၀၂၀ လုပ်ငန်းအစီအစဉ်၊ အခြားအာဆီယံနိုင်ငံများတွင် လုပ်ဆောင်နေမှုများ၊ ၂၀၂၀ ပြည့်နှစ်တွင် ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြု ဆွေးနွေးပြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာစန်းစန်းအေး တို့က နိဂုံးချုပ် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# မကွေး၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မသန်စွမ်းသူများအား ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးအစီအစဉ်အရ ငွေကြေးထောက်ပံ့

နေပြည်တော် စက်တင်ဘာ ၄

**မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထောက်ပံ့မှုတစ်ကြိမ် မရရှိသေးသော မသန်စွမ်းသူများအား နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အရ ငွေကြေးလွှဲပြောင်းထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင်တက်ရောက်ကြပြီး မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးရှိ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ မသန်စွမ်းသူများအသင်း တာဝန်ရှိသူများနှင့် မသန်စွမ်းသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်သည် ကိုဗစ်-၁၉ ကြောင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုအပေါ် ထိခိုက်ဆုတ်ယုတ်မှုများ တတ်နိုင်သမျှနည်းပါးအောင် လျှော့ချသည့်အစီအစဉ်ဖြစ်ကြောင်း၊ ထိုအစီအစဉ်များဖြင့် လိုအပ်သူများကို ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လူတိုင်းအခြေခံလူ့အခွင့်အရေးခံစားရရှိရေးအတွက် အာမခံပေးနိုင်သည့် စစ်မှန်သည့်ဒီမိုကရေစီအစိုးရဖြစ်အောင် ကြိုးပမ်းလျက်ရှိပါကြောင်း၊ အစိုးရစတင်တာဝန်ယူချိန်မှစ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပဋိသန္ဓေတည်စမှ သက်ကြီးရွယ်အိုအထိ အခြေခံလူ့အခွင့်အရေးရရှိအောင် ဆောင်ရွက်ရာတွင် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာ၊ စီမံချက်များဖြင့် ဆောင်ရွက်ရပါကြောင်း။

ထို့ကြောင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေကို ခေတ်စနစ်နှင့်ညီအောင် ၂၀၁၈ ခုနှစ်တွင် ပြန်လည်ချမှတ်ခဲ့ကြောင်း၊ ကလေးသူငယ်များသည် ပြုစုစောင့်ရှောက်မှု၊ ဖွံ့ဖြိုးမှုများအပြင် ကာကွယ်စောင့်ရှောက်မှုပါ လိုအပ်သည့်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ၂၀၁၉ ကို အသစ်ပြဋ္ဌာန်းခဲ့ကြောင်း၊ ထိုမှတစ်ဆင့် လူငယ်ကဏ္ဍအတွက် လူငယ်ရေးရာမူဝါဒကို ဖော်ဆောင်ပြီး ယခုအခါ မဟာဗျူဟာစီမံချက်ကို ချမှတ်နိုင်၍ အကောင်အထည်ဖော်ရန် ကြိုးပမ်းနေပြီဖြစ်ကြောင်း၊ အမျိုးသမီးများနှင့်ပတ်သက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း)ကို လွှတ်တော်သို့ တင်ပြထားပြီးဖြစ်ကြောင်း၊ ယနေ့ဆောင်ရွက်သည့် မသန်စွမ်းသူများအတွက် ဥပဒေရှိပြီးဖြစ်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးကို ထိရောက်စွာဖော်ဆောင်နိုင်ရန် နည်းဥပဒေကို အမြန်ဆုံး ဖော်ဆောင်ခဲ့ပါကြောင်း၊ ထို့အပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆင့်ကော်မတီများ ထပ်မံဖွဲ့စည်းကာ မသန်စွမ်းအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး မသန်စွမ်းတစ်ဦးချင်းစီ၏ အခွင့်အရေးကို အပြည့်အဝဖော်ဆောင်ရန် ကြိုးပမ်းနေပါကြောင်း၊ သက်ကြီးရွယ်အိုဥပဒေပေါ်ပေါက်ပြီးဖြစ်၍ ဥပဒေကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အစိုးရသစ်လက်ထက်တွင် လူမှုရေးပင်စင်ကို စတင်နိုင်ခဲ့ကြောင်း၊ ဤအောင်မြင်မှုများ ခိုင်မာတိုးတက်အောင် အခြေခံလူ့အခွင့်အရေးကို အာမခံသည့် စစ်မှန်သောဒီမိုကရေစီအစိုးရဖြစ်လာစေရန် ဒီမိုကရေစီခရီးလမ်းကို ဆက်လက်လျှောက်လှမ်းလျက်ရှိပါကြောင်း၊ ပြည်သူ့အစိုးရက ပြည်သူအတွက် ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရန် ထာဝရငြိမ်းချမ်းရေးကို ဦးတည်လျက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ သို့မှသာ စစ်မှန်သည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို ဖော်ဆောင်ရာ၌ ကိုဗစ်-၁၉ ကာလတွင် သာမန်ထက်ပို၍အခက်အခဲရှိသော ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများကို အစိုးရ၏ CERP ဖြင့် ထောက်ပံ့ခြင်းသည် ခံစားရရှိသင့်သည့် အခွင့်အရေးများကို အပြည့်အဝ ဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း၊ ထောက်ပံ့မှုများသည် ငွေကြေးအမြောက်အမြား သုံးစွဲရပါကြောင်း။

ထိုကဲ့သို့ ဒေသတစ်ခုအတွင်းသို့ ငွေကြေးစီးဆင်းမှုများပြားခြင်းသည် ဤဒေသအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများ လျော့ပါးသက်သာလာစေနိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် မိမိတို့၏ ဆောင်ရွက်ရမည့် လုပ်ငန်းယန္တရားများ ရပ်တန့်မသွားအောင် ဝိုင်းဝန်းကြိုးပမ်းပေးကြသည့် ဝန်ထမ်းများနှင့် ဌာနဆိုင်ရာအသီးသီးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးအရအဖွဲ့ လူမှုရေးဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက မသန်စွမ်းသူ ၁၁၂၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၃၆၇၂၀၀၀၀ ကို လူမှုရေးဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် လူမှုရေးဝန်ကြီးက အခမ်းအနားသို့ ကိုယ်တိုင်ပါဝင်တက်ရောက်လာကြသော မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ပေးအပ်ပြီး မသန်စွမ်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၁၉၆၇၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၉၀၁၆၀၀၀၀ ကို လူမှုရေးဝန်ကြီးထံသို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၁၅၅၄၃ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၄၆၆၂၉၀၀၀၀ ကို ကရင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးထံသို့လည်းကောင်း လွှဲပြောင်းပေးအပ်ရာ ထောက်ပံ့မှုများအတွက် တိုင်းဒေသကြီးအသီးသီးမှ မသန်စွမ်းသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား

နေပြည်တော် စက်တင်ဘာ ၄

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ ညနေ ၄ နာရီခွဲတွင် ပြည်တွင်း ပြည်ပသတင်းမီဒီယာများနှင့် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ Social Distancing သတ်မှတ်ချက်များနှင့်အညီ တွေ့ဆုံပြီး Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လတ်တလောဖြစ်ပေါ်နေသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။** (အောက်ပုံ)




**ပြည်သူလူထုနှင့် တိုက်ရိုက်ဆက်စပ်သည့် ထောက်ပံ့ကူညီမှုစုစုပေါင်းမှာ ငွေကျပ် ၁၉၀၈ ဒသမ ၀၈၅ ဘီလီယံကျခံခဲ့ပါကြောင်း၊ ဆက်လက်၍လည်း အိမ်ထောင်စု ၅ ဒသမ ၆ သန်းအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂ သောင်းနှုန်းဖြင့် မကြာမီကာလတွင် ထောက်ပံ့ပေးသွားမည်ဖြစ်**

### တတိယအကြိမ် ထောက်ပံ့သွားရန်ရှိ

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအားထောက်ပံ့ပေးခဲ့သည့်အခြေအနေကို ဦးစွာတင်ပြလိုပါကြောင်း၊ ပြည်သူလူထုကို သကြံန်ရုံးပိတ်ရက်ရှည်မှစ၍ ရိက္ခာ ၅ မျိုး ထောက်ပံ့ခဲ့ပါကြောင်း၊ ထိုသို့ထောက်ပံ့ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အိမ်ထောင်စု ၅ ဒသမ ၃ သန်းအတွက် ငွေကျပ် ၇၁ ဒသမ ၁၀၃ ဘီလီယံကျခံခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ရိက္ခာ ၅ မျိုး မဖြန့်ဝေတော့ဘဲ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂ သောင်းနှုန်းဖြင့် နှစ်ကြိမ် ထောက်ပံ့ခဲ့ပါကြောင်း၊ အိမ်ထောင်စုပေါင်း ၅ ဒသမ ၄ သန်းကို ငွေကျပ် ၂ သောင်းနှုန်းဖြင့် နှစ်ကြိမ်ထောက်ပံ့ခဲ့ရာ ၂၁၈ ဒသမ ၁၁၂ ဘီလီယံကျခံခဲ့ပါကြောင်း၊ အိမ်ထောင်စုပေါင်း ၅ ဒသမ ၆ သန်းကို တစ်စုလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် တတိယအကြိမ်ထောက်ပံ့သွားရန်ရှိပြီး ငွေကျပ် ၁၁၃ ဒသမ ၅၃၅ ဘီလီယံကျခံသွားမည်ဖြစ်ပါကြောင်း။

ကိုဗစ်ကာလတွင် တောင်သူလယ်သမားများ ဝင်ငွေရရှိရန်အတွက် စပါးမျိုးစေ့ထုတ်လုပ်ငန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၊ ငါးမျိုးများ၊ ငါးသားပေါက်များဖြန့်ဖြူးပေးခြင်း၊ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်ထုတ်လမ်းနှင့် ကျေးရွာအခြေခံအဆောက်အအုံတည်ဆောက်ခြင်းစသည့်လုပ်ငန်းများကို ယင်းဒေသတွင်ရှိသည့် ဒေသခံများနှင့် ပူးပေါင်းပြီး Cash For Work စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျခံ ဆောင်ရွက်နေသည်မှာ ငွေကျပ် ၉၂ ဒသမ ၆၁၂ ဘီလီယံရှိပါကြောင်း။

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသက် ၈၀ မှ ၈၄ နှစ်အကြား သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ စေတနာ့ဝန်ထမ်းများကိုထောက်ပံ့ပေးပါကြောင်း၊ ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးတွင်ရှိသည့် IDP စခန်းများ၊ တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်နေကြသည့် ပြည်သူများအတွက် အခြေခံစားသောက်ကုန် ၅ မျိုးကို အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးပါကြောင်း၊ IDP စခန်းများ၊ တိုက်ပွဲရှောင်စခန်းများတွင်ရှိသည့် အိမ်ထောင်စုများမှ မူလတန်းကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများ ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် မသန်စွမ်းသူများ၊ အနာကြီးရောဂါသည်များ၊ ပြည်တွင်း၊ ပြည်ပ လူကုန်ကူးခံရသည့်သူများကိုလည်း ထောက်ပံ့ပေးပါကြောင်း၊ ၎င်းထောက်ပံ့မှုအားလုံးအတွက် ငွေကျပ် ၃၅ ဒသမ ၉၂၃ ဘီလီယံကျခံခဲ့ပါကြောင်း။

### ဆေးရုံများ အဆင့်မြှင့်တင်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ယခုကာလတွင် ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ဆေးပစ္စည်းကိရိယာများ၊ အကာအကွယ်ပစ္စည်းများ၊ PPE ဝတ်စုံများစသည့် ဆက်စပ်ပစ္စည်းများကို ဝယ်ယူရာတွင် ငွေကျပ် ၂၆၇ ဒသမ ၉၀၃ ဘီလီယံကျခံ ဝယ်ယူခဲ့ပါကြောင်း၊ လမ်းဘေးဈေးသည်များကို သက်သာသည့်နှုန်းထားဖြင့် ငွေကျပ် ၁၀၀ ဘီလီယံ ထုတ်ချေးပေးခဲ့ပါကြောင်း၊ ထို့ပြင် အသေးစားချေးငွေလုပ်ငန်းများမှတစ်ဆင့် တစ်ပိုင်တစ်နိုင်ပြန်ချေးသူများအတွက် ငွေကျပ်ဘီလီယံ ၁၀၀ ကျခံခဲ့ပါကြောင်း၊ အသေးစားချေးငွေလုပ်ငန်းကော်မတီက SME လုပ်ငန်းများကိုငွေကျပ် ဘီလီယံ ၂၀၀ ထုတ်ချေးပေးခဲ့ပါကြောင်း၊ ယခုကာလအတွင်း တောင်သူလယ်သမားများကို တစ်ဧကလျှင် ၅ သောင်းနှုန်းဖြင့် ငွေကျပ် ဘီလီယံ ၆၀၀ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ လျှပ်စစ်ဓာတ်အားကင်းလွတ်ခွင့်ပေးမှုအနေဖြင့် ဧပြီ၊ မေ၊ ဇွန် ကာလအတွင်း ယူနစ် ၁၅၀ သက်သာခွင့်ပေးခဲ့ရာ ငွေကျပ် ၁၀၇ ဒသမ ၃၇၉ ဘီလီယံအစိုးရက ကျခံခဲ့ပါကြောင်း။

ထူးခြားချက်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပုဂ္ဂလိကကို တင်ဒါခေါ်ယူခြင်း၊ ဥပမာ မီးစက်များဖြင့် လျှပ်စစ်ဓာတ်အားပေးခြင်းများရှိပြီး၊ အစိုးရထံမှ ဂက်စ်များ ဝယ်ယူကာ တာဘိုင်များ လည်ပတ်ရခြင်းများရှိပါကြောင်း၊ ယင်းအတွက် တစ်နိုင်ငံလုံးရှိ လျှပ်စစ်မီးကင်းလွတ်ခွင့်ပေးရာတွင် ၎င်းတို့မှာ အကျုံးမဝင်ဖြစ်နေသည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တင်ပြချက်အရ ငွေကျပ် ၁ ဒသမ ၅၁၈ ဘီလီယံ နိုင်ငံတော်က ထောက်ပံ့ခဲ့ပါကြောင်း၊ ပြည်သူလူထုနှင့် တိုက်ရိုက်ဆက်စပ်သည့် ထောက်ပံ့ကူညီမှုစုစုပေါင်းမှာ ငွေကျပ် ၁၉၀၈ ဒသမ ၀၈၅ ဘီလီယံကျခံခဲ့ပါကြောင်း၊ ဆက်လက်၍လည်း အိမ်ထောင်စု ၅ ဒသမ ၆ သန်းအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂ သောင်းနှုန်းဖြင့် မကြာမီကာလတွင် ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း။

### အရေးယူသည့် အမျိုးအစား ၃ မျိုး

ကိုဗစ်-၁၉ ကာလတွင် ရောဂါ ကာကွယ်၊ ထိန်းချုပ်မှုနှင့် ပတ်သက်ပြီး ဥပဒေအရ အရေးယူသည့် အမျိုးအစား ၃ မျိုး ရှိပါကြောင်း၊ ပထမတစ်မျိုးအနေဖြင့် ကူးစက်ရောဂါတားဆီးနှိမ်နင်းရေးဥပဒေဖြင့် အရေးယူပါကြောင်း၊ Quarantine မှ ထွက်ပြေးခြင်း၊ ပြည်ပမှ ပြန်ဝင်လာကြောင်း အသိမပေးခြင်း၊ အခြားနေရာများသို့သွားခြင်း၊ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များအား ဖောက်ဖျက်ကာ လူစုလူဝေးပြုလုပ်ခြင်း၊ ကျန်းမာရေးစစ်ဆေးရန် ခေါ်ယူရာတွင် လက်မခံဘဲထွက်ပြေးခြင်း၊ Mask မတပ်ဘဲ သွားလာခြင်း၊ Quarantine မဝင်ဘဲ ရှောင်တိမ်းသူများအား ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူသည့် အမှုပေါင်းမှာ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်မှ ယမန်နေ့အထိ အမှုပေါင်း ၉၁၄၈ မှုရှိ ပါကြောင်း၊ အရေးယူထားသည့် အမျိုးသား ၁၁၂၇၁ ဦးနှင့် အမျိုးသမီး၂၆၃၇ ဦး၊ စုစုပေါင်း ၁၃၉၀၈ ဦးအား အရေးယူထားပါကြောင်း။

ထို့ပြင် Quarantine စောင့်ကြည့်ကာလတွင် အရက်သေစာသောက်စားသူများ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားချိန်တွင် စားသောက်ဆိုင်များတွင် ဝိုင်းဖွဲ့စားသောက်ရန်လက်ခံခြင်း၊ လူစုလူဝေးဖြင့် မင်္ဂလာပွဲကျင်းပခြင်း၊ ဆေးရုံများတွင် စောင့်ကြည့်လူနာများအဖြစ် တက်ရောက်နေစဉ် ထွက်ပြေးခြင်း၊ Quarantine ဝင်နေစဉ် စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ခြင်း၊ Quarantine Centre များကို ဝင်ခွင့်မရဘဲ ဝင်ရောက်နှောင့်ယှက်မှုများ၊ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ သတင်းမှားဖြန့်ချိမှုများ၊ ကိုဗစ်-၁၉ နှင့် စပ်လျဉ်း၍ အသိပညာပေးမှုဆောင်ရွက်နေစဉ် ဝတ္တရားနှောင့်ယှက်မှုများ၊ လူစုလူဝေးဖြင့် ဆန္ဒပြမှုများ၊ ဘာသာရေးအခမ်းအနားကျင်းပခြင်း စသည့် အကြောင်းအရာများကို သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူထားပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှုဖွင့်အရေးယူမှုမှာ ၁၁၈ မှုရှိပြီး အမျိုးသား ၂၁၉ ဦး၊အမျိုးသမီး ၆၃ ဦး၊ စုစုပေါင်း ၂၈၂ ဦးအား အရေးယူထားပါကြောင်း၊ ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် အရေးယူမှုများမှာ ညမထွက်ရအမိန့်အား မလိုက်နာသည့်အတွက် အရေးယူမှုအနေဖြင့် ၂၁၁၇ မှု ရှိပြီး အမျိုးသား ၅၂၇၉ ဦး၊ အမျိုးသမီး ၂၉၁ ဦး၊ စုစုပေါင်း ၅၅၇၀ ဦး အရေးယူခဲ့ရပါကြောင်း။

### ဥပဒေအရ အရေးယူ

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် KTV၊ Club၊ Bar ဖွင့်လှစ်သည့်အတွက် ကူးစက်ရောဂါ တားဆီးနှိမ်နင်းရေး ဥပဒေအရအရေးယူခဲ့မှုမှာ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၀ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ စုစုပေါင်း ၁၄ မှုရှိပါကြောင်း၊ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၅၀ ဦး၊ စုစုပေါင်း ၉၂ ဦးကို အရေးယူထားပါကြောင်း၊ စက်တင်ဘာ ၁ ရက်မှ ယမန်နေ့အထိ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥပဒေအရ အရေးယူထားမှုမှာ ၈ မှုရှိပြီး အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၂၀ ဦး၊ စုစုပေါင်း ၄၅ ဦးကို အရေးယူထားပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် KTV၊ Club၊ Bar များ ဖွင့်လှစ်ခဲ့သည့်အတွက် အရေးယူခဲ့ရပါကြောင်း ရှင်းလင်းပြောကြားသည်။

### ပြန်လည်ရှင်းလင်းဖြေကြား

ထို့နောက် ပြည်တွင်းပြည်ပ သတင်းမီဒီယာများက ကယားပြည်နယ်ဝန်ကြီးချုပ်အား ရာထူးမှ ရပ်စဲလိုက်ရသည့်ကိစ္စ၊ ပြည်ထဲရေးဝန်ကြီးဌာနက ဆိုရှယ်မီဒီယာများကို နည်းပညာအရ စောင့်ကြည့်ဆောင်ရွက်နေမှုလုပ်ငန်းစဉ်၊ ယခုဖွဲ့စည်းထားသည့် ဆိုရှယ်မီဒီယာစောင့်ကြည့်ရေးအသင်း၏ လုပ်ဆောင်ချက်၊ ကိုဗစ်ကာလအတွင်း နိုင်ငံတော်အစိုးရက ပြည်သူများအား အကူအညီအထောက်အပံ့များ ပေးအပ်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ နေပြည်တော် အဝင်၊ အထွက်ဂိတ်များတွင် ကိုဗစ်-၁၉ နှင့် စပ်လျဉ်း၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်နေမှု၊ ဖြေလျှော့ပေးသွားမည့်အခြေအနေ၊ နိုင်ငံရေးပါတီများအတွက် အမေရိကန်မှ ဒေါ်လာ ၄၆ သန်း ထောက်ပံ့ပေးအပ်ခဲ့သည့်ကိစ္စ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်မားနေသည့်အချိန်တွင် ရွေးကောက်ပွဲကျင်းပရန် အစီအစဉ်ရှိ၊ မရှိ၊ "၀" အထူးဒေသနှင့် ရခိုင်ပြည်နယ် (မြောက်ပိုင်း) တွင် လုံခြုံရေးဆိုင်ရာအခြေအနေအရ ရွေးကောက်ပွဲများ မကျင်းပရန် တပ်မတော်၏အကြံပေးမှုအပေါ် နိုင်ငံတော်အစိုးရ၏သဘောထားအမြင်အား သိရှိလိုခြင်း၊ ကိုဗစ်ကာလတွင် ထုတ်ပြန်ထားသည့် ညမထွက်ရအမိန့် အချိန်ပြောင်းလဲမှု ရှိ၊ မရှိ၊ တရုတ်ဥက္ကဋ္ဌသည်တော်ခရီးစဉ်တွင် မြစ်ဆုံကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့မှု ရှိ၊ မရှိ၊ ICJ ကိစ္စ၊ ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမြင့်မားနေသည့်အချိန်တွင် AA အဖွဲ့၏ ဝါဒဖြန့်ချိနေမှုနှင့် ၎င်းတို့၏ လုပ်ရပ်များအပေါ် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်သွားမည့်အခြေအနေ၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကိုဗစ်ရောဂါကူးစက်နှုန်း မြင့်မားလာမှုနှင့်စပ်လျဉ်း၍ အစိုးရ၏တုံ့ပြန်မှုနှေးကွေးသည်ဟု ဝေဖန်သုံးသပ်နေမှုများအပေါ် အစိုးရ၏ အမြင်သဘောထားနှင့် စစ်တွေမြို့ကို Lock down သတ်မှတ်ရန် အစီအစဉ် ရှိ၊ မရှိ၊ ပြည်တွင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်နှုန်းမြင့်မားလာမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် ဒုတိယလှိုင်းအဖြစ် သတ်မှတ်ရန် ရှိ၊ မရှိ၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်မှုအခြေအနေ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သွားမည့်အခြေအနေ၊ မြန်မာ-တရုတ်နယ်စပ်ဒေသများတွင် လောင်းကစားများ ပြုလုပ်နေမှုများအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ထိန်းချုပ်သွားမည့်အခြေအနေ၊ နယ်စပ်ဒေသများတွင် လောင်းကစားမှုဖြင့် ဖမ်းဆီးမိသူများအား အရေးယူဆောင်ရွက်သွားမည့်အခြေအနေ၊ မြဝတီရှိ ဆက်သွယ်ရေးတာဝါတိုင် မိုင်းခွဲဖျက်ဆီးခံခဲ့ရမှုကိစ္စ၊ မြစ်ကြီးနားမြို့၌ ဖွင့်လှစ်ထားသည့် ငြိမ်းချမ်းရေး နည်းပညာအထောက်အကူပြုအသင်းရုံး ပိတ်သိမ်းလိုက်ရသည့်အခြေအနေ၊ တရုတ်နိုင်ငံမှ ထောက်ပံ့ကူညီပေးသွားမည့် ကိုဗစ်ကာကွယ်ဆေးကိစ္စ၊ ရခိုင်ပြည်နယ်တွင် အင်တာနက်လိုင်းစနစ် မြှင့်တင်ပေးသွားမည့်အခြေအနေတို့နှင့်စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ကိုဗစ်ကာလအတွင်း နိုင်ငံတော်အစိုးရက ပြည်သူများအားအကူအညီအထောက်အပံ့များ ပေးအပ်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေနှင့်စပ်လျဉ်း၍ ပထမအချက်အနေဖြင့် မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုအနေအထားကို ကြည့်ရပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုအနေအထားပေါ်တွင် မူတည်ပြီး စည်းမျဉ်းစည်းကမ်းသတ်မှတ်ရသည့် အနေအထားကို ကြည့်ရပါကြောင်း၊ Stay Home သတ်မှတ်လိုက်သည့်အခါ အခြေခံလူတန်းစားများ ဒုက္ခရောက်ကြပါကြောင်း၊ ယင်းအခြေခံလူတန်းစားများသည် စည်းမျဉ်း စည်းကမ်း လိုက်နာရေးထက် စားဝတ်နေရေးသည် အဓိကကျပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည် စိတ်ထဲတွင် မရှိတော့သည့်အတွက် အပြင်သို့ထွက်၍ အလုပ်လုပ်ရသည့်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

သဘောရှိပါကြောင်း၊ ထိုသို့လုပ်ဆောင်မှုများ လျော့ကျရန်အတွက် ထောက်ပံ့ရခြင်းဖြစ်ပါကြောင်း။

**ဆက်လက်ထောက်ပံ့ပေးသွားမည်**

လိုအပ်လျှင် လိုအပ်သလို ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ တတိယအကြိမ်အဖြစ် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့သွားရန်ရှိပါကြောင်း၊ ယခု မထောက်ပံ့ပေးရသေးပါကြောင်း၊ ထောက်ပံ့ပြီးပါက ရောဂါအခြေအနေပေါ်ထောက်ရှုပြီး အစိုးရအကြီးအကဲများက ဆုံးဖြတ်သွားမည်ဖြစ်ပါကြောင်း၊ အိမ်ထောင်စုပေါင်း ၅ ဒသမ ၆ သန်းကို ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း၊ ထောက်ပံ့ပေးမည့်ကာလသည် ပြီးခဲ့သည့်ကာလ ထောက်ပံ့နှုန်းအနေအထားကို ကြည့်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

"ဝ" အထူးဒေသနှင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း) တွင် လုံခြုံရေးဆိုင်ရာ အခြေအနေအရ ရွေးကောက်ပွဲများ မကျင်းပရန် တပ်မတော်၏ အကြံပေးမှုအပေါ် နိုင်ငံတော်အစိုးရ၏ သဘောထားအမြင်နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်တွင် (၁၇) မြို့နယ်ရှိပြီး တစ်မြို့နယ်လုံးတွင် ကျင်းပ၍ ရသည်မှာ (၅)မြို့နယ်သာရှိပါကြောင်း၊ မြို့ပေါ်တွင် ကျင်းပခွင့်ရပြီး ကျေးရွာများတွင် ကျင်းပခွင့် မရခြင်းများရှိပါကြောင်း၊ ယင်းတို့ကို လုံခြုံရေးအရ အကြံပေးခြင်း ဖြစ်ပါကြောင်း၊ အထူးဒေသ(၂) ပန်ဆန်းဘက်တွင်လည်း ကျင်းပရန် ပုံမှန်အကြံပေးလေ့ရှိပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်၏လုပ်ထုံးလုပ်နည်းအရ အစပိုင်းတွင် ရွေးကောက်ပွဲကျင်းပရန်အတွက် တစ်နိုင်ငံလုံးကြေညာရပါကြောင်း၊ ယင်းသို့ ကြေညာပြီးမှသာ ကျင်းပရန် သင့်၊ မသင့် သဘောထားရယူပါကြောင်း၊ ၂၀၁၅ ခုနှစ်၌ "ဝ "အထူးဒေသ (၂) နယ်မြေများတွင် ရွေးကောက်ပွဲ မကျင်းပကြောင်းကို အောက်တိုဘာလအတွင်း ကြေညာခဲ့ပါကြောင်း၊ မကျင်းပနိုင်သည့်နေရာများမှာ ပန်ဆန်း၊ ပန်ဝိုင်၊ မိုင်းမော၊ နားဖန်၊ မိုင်းလား (၅)မြို့နယ် ဖြစ်ပါကြောင်း။ ထို့ပြင် မူဆယ်၊ ကုန်းကြမ်း၊ မန်တုန်၊ မိုင်းခတ် မြို့နယ်အတွင်း ရှိ အချို့ကျေးရွာများတွင် ရွေးကောက်ပွဲများ မကျင်းပနိုင်သည့်အတွက် ယင်းနေရာများတွင် ရွေးကောက်ပွဲများ ကျင်းပမည်မဟုတ်ကြောင်းကို ကြေညာခဲ့ပါကြောင်း၊ ယင်းမှာ ရွေးကောက်ပွဲကော်မရှင်၏ လုပ်ပိုင်ခွင့်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်(မြောက်ပိုင်း) နှင့် အထူးဒေသ(၂) ကို သဘောထားပေးထားပါကြောင်း၊ အချို့ အနေအထားများလည်း ရှိနိုင်သေးပါကြောင်း၊ ယင်း အနေအထားအပေါ် မူတည်၍ တပ်မတော်ဘက်က သဘောထားကိုလည်း ယူပါကြောင်း၊ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ သဘောထားကိုလည်း ယူပါကြောင်း၊ အောက်ခြေတွင်ရှိသည့် ကော်မရှင်အဖွဲ့ခွဲများ၏ သဘောထားကိုလည်း ယူပါကြောင်း၊ ယခု ကိုဗစ်နှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သဘောထားလည်း ယူမည်ဟုပြောပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သဘောထားယူ၍ လာမည့် အောက်တိုဘာလရောက်မှသာ ကြေညာမည်ဖြစ်ပါကြောင်း၊ အချို့အမှတ်မှားနေပါကြောင်း၊ တပ်မတော်က သဘောထားပေးခြင်းကို ဂရုမစိုက်ဟု ထင်မြင်နေကြပါကြောင်း၊ ယင်းမှာ လုပ်ထုံးလုပ်နည်းကို နားမလည်၍ ပြောကြားနေခြင်း ဖြစ်ပါကြောင်း၊ ကော်မရှင်၏ လုပ်ထုံးလုပ်နည်းအရ ယင်းအတိုင်းပင်ဖြစ်ပါကြောင်း၊ အောက်တိုဘာလ ရောက်ရှိမှသာ မကျင်းပနိုင်သည့်နေရာများကို ထပ်မံကြေညာရမည် ဖြစ်ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တွင်လည်း ယင်းအတိုင်းပင် ဆောင်ရွက်ခဲ့ပါကြောင်း။

**သဘောထားပေါင်းစုံကို သုံးသပ်**

နိုင်ငံတော်သမ္မတ၏ မူဝါဒမှာ ရှင်းလင်းပါကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ တိုက်ပွဲများဖြစ်နေပြီး လက်နက်ကိုင်တပ်ဖွဲ့များ၊ အဖွဲ့အစည်းများ ကြီးစိုးနေသည့်နေရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲမဖြစ်နိုင်ပါကြောင်း၊ ယင်းတွင် တပ်မတော်နှင့် အမြင်တူညီပါကြောင်း၊ အလားတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အခြေအနေကိုလည်း ထည့်တွက်ရပါကြောင်း၊ သဘောထားပေါင်းစုံကို သုံးသပ်၍ ကော်မရှင်က ဆုံးဖြတ်ရပါကြောင်း၊ အစိုးရက မဆုံးဖြတ်ပါကြောင်း၊ ကော်မရှင်၏ လုပ်ပိုင်ခွင့်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတခရီးစဉ်တွင် လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ-တရုတ် နှစ်နိုင်ငံ သဘောတူညီချက်များတွင် ပါဝင်သည့်ကဏ္ဍများနှင့် တရုတ်ဧည့်သည်တော်ခရီးစဉ်တွင် မြစ်ဆုံကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့မှု ရှိ၊မရှိနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ပါကြောင်း၊ နှစ်နိုင်ငံ သဘောတူစာချုပ် (၆)ခုနှင့် သဘောတူညီချက် (၃)ခုလက်မှတ်ရေးထိုးပါကြောင်း၊ နားလည်မှုစာချွန်လွှာ (၁၄)ခု၊ စာလွှာ (၁၀)ခု လက်မှတ်ရေးထိုးပါကြောင်း၊ နှစ်နိုင်ငံ သဘောတူစာချုပ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်း စီမံကိန်းဆိုင်ရာ သဘောတူစာချုပ်နှင့် အစုရှယ်ရာများနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်တို့ကို လက်မှတ်ထိုးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့သည့်အခါတွင် စစ်ဆေးရန်နှင့် ပိုးမွှားကင်းစင်ရေးသဘောတူညီချက်၊ မြန်မာနိုင်ငံမှ အပူပေးစနစ်ဖြင့် ပြုပြင်ထုတ်လုပ်ထားသည့် ပိုးဥချောင်းများတင်ပို့ခြင်းဆိုင်ရာ သဘောတူစာချုပ်၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် ကျွဲ၊ နွားများ ထိန်းသိမ်းစောင့်ကြည့်ရေးနှင့် ကျန်းမာရေးလိုအပ်ချက်ဆိုင်ရာ သဘောတူစာချုပ်၊ တရုတ်အမျိုးသား ရုပ်မြင်သံကြား အသံလွှင့်ဌာနနှင့် မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊ နှစ်နိုင်ငံသံရုံးမြေနှင့် အဆောက်အအုံ ပြန်လည်ထောက်ပံ့ခြင်းဆိုင်ရာ သဘောတူညီချက်တို့ဖြစ်ပါကြောင်း၊ ယင်းနှစ်နိုင်ငံသဘောတူစာချုပ် (၆)ခုကို အားလုံး အကောင်အထည်ဖော်နေပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆောင်ရွက်မည့်ကိစ္စမှာ ကိုဗစ်-၁၉ ကြောင့် ခဏရပ်နားထားသည့်သဘော ရှိပါကြောင်း၊ ကျန်ရှိသည့် ကိစ္စများမှာ ဆောင်ရွက်ဆဲအနေအထားဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**သတင်း- မျိုးကျော်နိုင်၊ ဓာတ်ပုံ-ကိုထိန်**

## COVID-19 အတွက် ပြည်သူသို့ထောက်ပံ့မှုများ

| စဉ် | ခေါင်းစဉ် | အကြောင်းအရာ | ဘီလီယံ |
|---|---|---|---|
| ၁ | အိမ်ထောင်စုထောက်ပံ့ | ပထမအကြိမ် (ရိက္ခာ ၅ မျိုး)<br>၅ ဒသမ ၃ သန်း<br>ဒုတိယအကြိမ် (၂၀၀၀၀ ၂ ကြိမ်)<br>၅ ဒသမ ၄ သန်း | ၇၁ ဒသမ ၁၀၃ ဘီလီယံ<br><br>၂၁၈ ဒသမ ၁၁၂ ဘီလီယံ |
| ၂ | အိမ်ထောင်စု(တတိယအကြိမ်) | (၂၀၀၀၀ နှုန်းထုတ်ပေးခြင်း)<br>၅ ဒသမ ၆ သန်း | ၁၁၃ ဒသမ ၅၃၅ ဘီလီယံ |
| ၃ | စိုက်/မွေး/ဆည် | စပါးမျိုးစေ့ထုတ်လုပ်ငန်း၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း၊ မျိုးငါးနှင့်သားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ Cash to Support Input၊ ကုန်ထုတ်လမ်းနှင့် ကျေးရွာအခြေခံအဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မွေးမြူပညာပေးလုပ်ငန်းများ၊ ရေလုပ်သားများအား ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် သင်တန်းပေးခြင်း၊ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ Cash for Job Training | ၉၂ ဒသမ ၆၁၂ ဘီလီယံ |
| ၄ | လူ/ကယ်/ပြန် | အသက်(၈၀)နှစ်မှ (၈၄)နှစ်ကြား သက်ကြီး၊ ကိုယ်ဝန်ဆောင်ထောက်ပံ့ခြင်း၊ ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများသို့ ရက် (၃၀) စာ ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်းများအတွက်ထောက်ပံ့ခြင်း၊ IDP စခန်းနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်သူများအား စားသောက်ကုန်(၅)မျိုး ဝယ်ယူရန် ကုန်ကျငွေအား အိမ်ထောင်စု အလိုက် ထောက်ပံ့ခြင်း၊ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများရှိ အိမ်ထောင်စုများမှ မူလတန်း ကျောင်းသား/သူ များအတွက် ကျောင်းစိမ်းဝတ်စုံများ ထောက်ပံ့ခြင်း၊ မသန်စွမ်းသူများအား ထောက်ပံ့ခြင်း၊ အနာကြီးရောဂါသည်များအား ထောက်ပံ့ခြင်း၊ ပြည်ပနိုင်ငံများမှ လူကုန်ကူးခံရသူများနှင့် ပြည်တွင်းလူကုန်ကူးခံရသူများအား ထောက်ပံ့ခြင်း၊ | ၃၅ ဒသမ ၉၂၃ ဘီလီယံ |
| ၅ | ကျန်းမာ/အားကစား | ဆေးရုံအဆင့်မြှင့်တင်ခြင်းဆိုင်ရာ လိုအပ်မည့်ဆေး၊ ဆေးပစ္စည်းနှင့် စက်ကိရိယာများ ဝယ်ယူခြင်း၊ ဆက်စပ်ပစ္စည်းများဝယ်ယူရန်နှင့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ သုံးစွဲခြင်း၊ | ၂၆၇ ဒသမ ၉၀၃ ဘီလီယံ |
| ၆ | TeaShop(Loan) | လက်ဖက်ရည်ဆိုင်၊ လမ်းဘေးဈေးဆိုင်များကို ထုတ်ချေးခြင်း | ၁၀၀ ဘီလီယံ |
| ၇ | MFI(Loan) | အသေးစားချေးငွေလုပ်ငန်းများ Micro Credit ထုတ်ချေးပေးခြင်း၊ | ၁၀၀ ဘီလီယံ |
| ၈ | MSME Fund(Loan) | အသေးစားချေးငွေလုပ်ငန်း ကော်မတီမှ SME လုပ်ငန်းများ ထုတ်ချေးပေးခြင်း၊ | ၂၀၀ ဘီလီယံ |
| ၉ | MADB(Loan) | လယ်သမားများ ၁ ဧက ၅၀၀၀၀-ကျပ် ထောက်ပံ့ခြင်း၊ | ၆၀၀ ဘီလီယံ |
| ၁၀ | လျှပ်စစ်ဓာတ်အားခကင်းလွတ်ခွင့် | (ဧပြီ/မေ/ဇွန်) | ၁၀၇ ဒသမ ၃၇၉ ဘီလီယံ |
| ၁၁ | တနင်္သာရီတိုင်းဓာတ်အားခ | | ၁ ဒသမ ၅၁၈ ဘီလီယံ |
| | စုစုပေါင်း | | ၁၉၀၈ ဒသမ ၀၈၅ ဘီလီယံ |

# စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၁ ဦးအား ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၁ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(ဓါပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

**(၁၆) ကြိမ်တိုင် ပျံသန်းပြေးဆွဲ**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် (၁၆) ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြေထဲပင်လယ်အရှေ့ပိုင်း တင်းမာမှုများကို တူရကီနှင့် ဂျာမနီတို့မှခေါင်းဆောင်များဆွေးနွေး

အင်ကာရာ စက်တင်ဘာ ၄

**တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်နှင့် ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်တို့သည် ဒေသတွင်းကိစ္စများကို ဆွေးနွေးရန် စက်တင်ဘာ ၃ ရက်က အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးမှုပြုလုပ်ခဲ့သည်ဟု သိရသည်။**



ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်နှင့် တူရကီသမ္မတ အာဒိုဂန်တို့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက တွေ့ဆုံခဲ့ကြစဉ်။

မြေထဲပင်လယ် အရှေ့ပိုင်းတွင် လတ်တလော ဖြစ်ပေါ်နေသည့် တင်းမာမှုများကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

**အခိုင်အမာပြောဆို**

အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးမှုပြုလုပ်စဉ်အတွင်း စွမ်းအင်အရင်းအမြစ်နှင့်ပတ်သက်ပြီး ညီညီမျှမျှခွဲဝေယူကြရန် သမ္မတ အာဒိုဂန်က အခိုင်အမာပြောဆိုခဲ့သည်။

**အသိအမှတ်ပြု**

ဂရိနှင့် ၎င်းကိုထောက်ခံသူများ၏လှုပ်ရှားမှုကြောင့် လတ်တလောပေါ်ပေါက်လာသည့် အငြင်းပွားတင်းမာမှုများကို ဖြေရှင်းရန် ဂျာမနီဝန်ကြီးချုပ်၏ ကြိုးပမ်းမှုကို အသိအမှတ်ပြုကြိုဆိုကြောင်း တူရကီသမ္မတ အာဒိုဂန်က ပြောကြားခဲ့သည်။

ဂရိနှင့် တူရကီတို့သည် မြေထဲပင်လယ်အရှေ့ပိုင်းတွင် ဟိုက်ဒရိုကာဘွန် ခွဲခြမ်းယူရေးနှင့်ပတ်သက်ပြီး အငြင်းပွားလျက်ရှိသည်။

**လေ့လာရေးယာဉ်စေလွှတ်**

ဂရိနှင့် အီဂျစ်တို့က အဆိုပါ ရေပြင်နယ်နိမိတ်တွင် ပင်လယ်ရေကြောင်း နယ်စပ်သဘောတူညီမှုတွင် လက်မှတ်ရေးထိုးပြီးနောက် တူရကီဘက်မှလည်း စစ်ရေယာဉ်များ ခြံရံလျက် ယင်းနေရာ၌ လေ့လာရေးပြုလုပ်ရန် လေ့လာရေးယာဉ်ကို စေလွှတ်ခဲ့သည်။

**တပ်ဖြန့်ချထား**

ဂရိဘက်ကလည်း တူရကီ၏ ရေယာဉ်များကို နောက်ဆုတ်ပေးရန်တောင်းဆိုခဲ့ပြီး တူရကီ၏ လှုပ်ရှားမှုများ စောင့်ကြည့်ရန် စစ်ရေယာဉ်များ တပ်ဖြန့်ချထားခဲ့သည်။

ဆင်ဟွာ

# လက်ဘနွန်နိုင်ငံကို ဂျပန်နိုင်ငံက အကူအညီအဖြစ် ဒေါ်လာငါးသန်း အကူအညီပေးသွားမည်

**တိုကျို စက်တင်ဘာ ၄**

လက်ဘနွန်နိုင်ငံ ဘေရွတ်ဆိပ်ကမ်းတွင် ပြီးခဲ့သည့်လအတွင်းက ပေါက်ကွဲမှုကြီးဖြစ်ပေါ်ပြီးနောက် ဂျပန်နိုင်ငံမှ အကူအညီအဖြစ် ဒေါ်လာငါးသန်း အကူအညီပေးသွားမည်ဟု ဂျပန်အစိုးရက စက်တင်ဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှတစ်ဆင့် အစားအသောက်လုံခြုံစိတ်ချရရေး၊ ခိုလှုံရာပစ္စည်းများနှင့် ကျန်းမာရေးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ဂျပန်နိုင်ငံက ပေးအပ်သွားမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။



ဘေရွတ်မြို့ ပေါက်ကွဲမှုအပြီး ပျက်စီးသွားသော အဆောက်အအုံများကို တွေ့ရစဉ်။

အဆိုပါ အကူအညီများတွင် ဆေးရုံပေါင်း ၁၃ ရုံနှင့် ဆေးဘက်ဆိုင်ရာအရေးပေါ် ဝန်ဆောင်မှုနှစ်ခုတို့အတွက် ဆေးဘက်ဆိုင်ရာအကူအညီများ ပေးအပ်သွားမည်ဟု သိရသည်။

လက်ဘနွန် အစိုးရအနေဖြင့် ဘဏ္ဍာရေး၊ စီမံခန့်ခွဲမှုနှင့် တရားရေး ပြုပြင်ပြောင်းလဲမှုတို့တွင် လျင်လျင်မြန်မြန်နှင့် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်သွားရန်လည်း ဂျပန်နိုင်ငံက မျှော်လင့်ထားသည်။ ဩဂုတ် ၄ ရက်က ပေါက်ကွဲမှုကြောင့် လက်ဘနွန်နိုင်ငံတွင် လူပေါင်း ၁၉၀ ခန့်သေဆုံးခဲ့ပြီး အကြမ်းဖျင်းအားဖြင့် လူပေါင်း ၆၅၀၀ ဒဏ်ရာရရှိခဲ့သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

ဂျပန်နိုင်ငံမှ သက်သာချောင်ချိရေး ပစ္စည်းများဖြစ်သည့် ခြံစောင်၊ ယာယီတဲနှင့် ရေတိုင်ကီများကို လက်ဘနွန်နိုင်ငံသို့ ပေးပို့ပြီးနောက် ဘဏ္ဍာရေး အကူအညီပေးမည်ဟု အသိပေးခဲ့ခြင်း ဖြစ်သည်။

ကျိုဒို

# ပြင်သစ်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုစိုးရိမ်ရသဖြင့် ကျောင်း ၂၂ ကျောင်း ပိတ်လိုက်ရ

**ပါရီ စက်တင်ဘာ ၄**

ပြင်သစ်ပိုင်နယ်မြေများအတွင်းရှိ ကျောင်းပေါင်း ၂၂ကျောင်းကို ကိုဗစ် -၁၉ ကူးစက်မှုစိုးရိမ်ရသဖြင့် ယခုသီတင်းပတ်အတွင်း ပိတ်လိုက်ရကြောင်း ပြင်သစ်ပညာရေးဝန်ကြီးက စက်တင်ဘာ ၄ ရက်တွင်ပြောကြားခဲ့သည်။

ကျောင်းပေါင်း ၂၂ ကျောင်းထဲမှ ထက်ဝက်နီးပါးခန့်မှာ ပြင်သစ်ထိန်းချုပ်မှုအောက်ရှိ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ La Reunion ကျွန်းပေါ်မှ ကျောင်းများ ဖြစ်ကြသည်။ ပြင်သစ်နိုင်ငံအတွင်း ကျောင်းပေါင်း ၁၀ ကျောင်းနှင့် La Reunion ကျွန်းပေါ်မှ ကျောင်းပေါင်း ၁၂ ကျောင်းတို့ကို ပိတ်လိုက်ရသည်ဟု ပညာရေးဝန်ကြီး မီကယ်ဘလန်ကွာက ပြောသည်။

**ကျောင်းများပြန်ပိတ်**

ယင်းနေရာများတွင် ကိုဗစ် -၁၉ ကူးစက်မှု ပြန်လည်တိုးလာသည့်အတွက် ကျောင်းများပြန်ပိတ်လိုက်ရခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံ တစ်နိုင်ငံလုံးတွင် ကျောင်းပေါင်း ၆၀၀၀၀ ကျော်ရှိသည်။

ကျောင်းများတွင် အတန်း ပေါင်း ၁၃၀ အထိ စာသင်ကြားမှုရပ်နားထားရပြီး ကျောင်းများတွင် နေ့စဉ် ကိုဗစ် -၁၉ နှင့် ဆက်စပ်သည့်အမှုပေါင်း ၂၅၀နီးပါးကို နေ့တိုင်းဖြေရှင်းနေရသည်။

**ကူးစက်မှုပြန်တိုးလာ**

ပြင်သစ်နိုင်ငံတွင် လက်တလောကိုဗစ်-၁၉ ကူးစက်မှု ပြန်လည်တိုးလာပြီး စက်တင်ဘာ ၃ ရက်က နောက်ထပ်ကူးစက်မှုပေါင်း ၇၁၅၇ ဦး တွေ့ရှိခဲ့ပြီး နိုင်ငံတစ်ဝန်း ပိတ်ဆို့ကန့်သတ်မှုများကို မပြုလုပ်ဘဲ လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်သွားမည်ဟု ပြင်သစ်အာဏာပိုင်များက ပြောသည်။

အေအက်ဖ်ပီ

# အမေရိကန် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးကြော်ငြာများကို ဖေ့စ်ဘွတ်မှ ကန့်သတ်သွားမည်

**ဝါရှင်တန် စက်တင်ဘာ ၄**

အမေရိကန် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးကြော်ငြာများကို ဖေ့စ်ဘွတ်က ကန့်သတ်ပိတ်ပင်သွားမည်ဟု ကုမ္ပဏီဘက်မှ ပြောကြားခဲ့သည်။ ဖေ့စ်ဘွတ် သုံးစွဲသူများ၏ လူမှုကွန်ရက်တွင် နှောင့်ယှက်မှုများနှင့် သတင်းအချက် အလက်အမှားများ ဖြန့်ဝေမှုများ လျော့နည်းသွားစေရေး နိုင်ငံရေးကြော်ငြာများကို ကန့်သတ်သွားမည် ဖြစ်သည်။

ရွေးကောက်ပွဲမှာပုံမှန်စီးပွားရေးလုပ်ငန်းအတိုင်းသွားမည် မဟုတ်ဟု ဖေ့စ်ဘွတ်မှ စီအီးအိုမက်ဇူကာဘတ်က စက်တင်ဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။ မငြိမ်သက်မှုများနှင့် အကြမ်းဖက်မှုများကို လျှော့ချနိုင်ရေး ဖေ့စ်ဘုတ်မှ ဆောင်ရွက်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရွေးကောက်ပွဲတွင် ပြိုင်ပွဲဝင်မည့်သူများအကြား ရိုင်းစိုင်းသည့်ဝေဖန်ပြောဆိုမှုများ ရှိနေသော်လည်း လူမှုကွန်ရက်မီဒီယာ ကုမ္ပဏီကြီးသည် နိုင်ငံရေးအရကြော်ငြာမှုများကို ခွင့်ပြုခဲ့သည်။

ယခုလိုကြေညာချက် ထုတ်ပြန်ခြင်းသည် အဆိုပါမူဝါဒကို ပြုပြင်မွမ်းမံရန် မီးမောင်းထိုးပြလျက်ရှိသည်။ ရွေးကောက်ပွဲရလဒ် အတည်မပြုမီ ရွေးကောက်ပွဲဝင်သူများနှင့် မဲဆွယ်လှုပ်ရှားမှုများ၏ သတင်းတင်မှုများအတွက် အမှတ်အသားကို ဖေ့စ်ဘွတ်မှ ဖန်တီးသွားမည်ဟု ဖေ့စ်ဘွတ်က ပြောသည်။ မဲဆန္ဒရှင်အများစုမှာ ကိုဗစ် – ၁၉ ကူးစက်မည်ကို ကြောက်ရွံ့သဖြင့် စာတိုက်မှ မဲပေးခြင်းကိုသာ လုပ်ဆောင်မည်ဟုခန့်မှန်းထားသည့်အတွက် ယခုနှစ်အတွက် ရွေးကောက်ပွဲသတင်း တရားဝင်ကြေညာမှုမှာ နှောင့်နှေးနိုင်မည် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# ဘရာဇီးလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အမ်ဘရီရာမှ လုပ်သားအင်အားလျှော့ချသွားမည်

**ဆော်ပိုလို စက်တင်ဘာ ၄**

ဘရာဇီးလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် အမ်ဘရီရာက ကိုဗစ် -၁၉ ဖြစ်ပွားနေစဉ်အတွင်း ကမ္ဘာတစ်ဝန်း လုပ်သားထုအင်အား ၄ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချသွားမည်ဟု စက်တင်ဘာ ၃ ရက်တွင် ကြေညာခဲ့သည်။

**လုပ်သားပေါင်း ၉၀၀ နီးပါးထိခိုက်စေ**

အဆိုပါ ဆုံးဖြတ်ချက်ကြောင့် ဘရာဇီးနိုင်ငံမှ လုပ်သားပေါင်း ၉၀၀ နီးပါးကို ထိခိုက်စေမည်ဖြစ်သည်။ ကုမ္ပဏီနှင့်မိတ်ဖက်ဖြစ်သည့် ဘိုးရင်းကုမ္ပဏီဘက်မှ ဖျက်သိမ်းမှုနှင့် ကိုဗစ် -၁၉ကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာစီးပွားရေးထိခိုက်မှုများကြောင့် ယခုလိုဆုံးဖြတ်ရခြင်းဖြစ်သည်ဟု ကုမ္ပဏီ၏ ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

**လုပ်သားထုအင်အားထိန်းညှိခြင်းဖြစ်**

ကိုဗစ်-၁၉ ရောဂါကြောင့် အမ်ဘရီရာ စီးပွားဖြစ်လေကြောင်းလိုင်းကို ထိခိုက်စေပြီး ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၂၀၂၀ ပထမနှစ်ဝက်ကာလအတွင်း လေယာဉ်တင်ပို့မှု ၇၅ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။ ရေရှည်ဆက်လက်ရပ်တည်နိုင်ရေးအတွက် လုပ်သားထုအင်အားကို ထိန်းညှိလိုက်ခြင်းဖြစ်သည်ဟု ကုမ္ပဏီဘက်က ပြောသည်။

ဆင်ဟွာ

# လူမှုဘဝကာကွယ်ရန် နယ်စပ်ဖြတ်ကျော်စီမံခန့်ခွဲမှုများ ပူးပေါင်းဆောင်ရွက်ရေး ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ဦးစားပေးဆွေးနွေး



ရီယာ့ဒ် စက်တင်ဘာ ၄

**ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများသည် ကိုဗစ်-၁၉ ဖြစ်ပွားနေသောကာလအတွင်း လူမှုဘဝများကို ကာကွယ်ရန် နယ်စပ်ဖြတ်ကျော် စီမံခန့်ခွဲမှုဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ရေးအတွက် စက်တင်ဘာ ၃ ရက်က ဦးစားပေးဆွေးနွေးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် စက်တင်ဘာ ၄ ရက်က ဖော်ပြလိုက်သည်။**

အဆိုပါအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများက နယ်စပ်ပြန်လည်ဖွင့်လှစ်ရေးနှင့် ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးဌာနများက ထုတ်ပြန်ထားသော ကာကွယ်ရေးနည်းလမ်းများနှင့်အညီ စီးပွားရေးများ ပြန်လည်ဖွင့်လှစ်ပေးခြင်းသည် မည်မျှအရေးကြီးကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး ဖေဆယ်ဘင်ဖာရန် အယ်လ်ဆော့ဒ်က နယ်စပ်များပြန်လည်ဖွင့်လှစ်ခြင်းသည် ကိုဗစ်- ၁၉ ရောဂါကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်စွာကျော်ဖြတ်နိုင်ရန် ပြည်သူများ၏ ယုံကြည်မှုကို နိုးကြွသက်ဝင်စေကြောင်း ပြောသည်။

ကိုဗစ်-၁၉ စတင်ဖြစ်ကတည်းက ဂျီ-၂၀ နိုင်ငံများသည် ကိုဗစ်-၁၉ ကြောင့် ရိုက်ခတ်မှုရှိနိုင်သော ကဏ္ဍပေါင်းစုံကို ကိုင်တွယ်ထိန်းကျောင်းနိုင်ရန် ပုံမှန်အစည်းအဝေးများ လုပ်ဆောင်လျက်ရှိသည်။

မတ်လအစည်းအဝေးကျင်းပစဉ်ကလည်း ဂျီ- ၂၀ ခေါင်းဆောင်များသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးနာလန်ပြန်ထူရန် အမေရိကန်ဒေါ်လာ ငါးထရီလီယံထည့်ဝင်ခဲ့ကြသည်။

**ဆင်ဟွာ**

# အီရန်နှင့် ဆက်နွှယ်လျက်ရှိသော လူ့အဖွဲ့အစည်း ၁၁ ခုကို အမေရိကန် အရေးယူဒဏ်ခတ်ပိတ်ဆို့

**ဝါရှင်တန် စက်တင်ဘာ ၄**

အီရန်ရေနံနှင့် ရေနံထွက်ပစ္စည်း တင်ပို့မှုဆိုင်ရာ အမေရိကန်၏တားမြစ်ချက်များကို တရားမဝင် ဖောက်ဖျက်ကျူးလွန်မှုဖြင့် အီရန်၊ တရုတ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့တွင် အခြေစိုက်သော လူ့အဖွဲ့အစည်း ၁၁ ခုကို အမေရိကန်အစိုးရက အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။

အမေရိကန်ဘဏ္ဍာရေးဌာနက စက်တင်ဘာ ၃ ရက်တွင် အရေးယူဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ကြေညာခဲ့သည်။

အမေရိကန်၏ ဒဏ်ခတ်အရေးယူပိတ်ဆို့မှုအရ လူ့အဖွဲ့အစည်း ၁၁ ခုတို့၏ အမေရိကန်မြေပေါ်ရှိ ပိုင်ဆိုင်ခွင့်များ အသုံးပြု၍ရတော့မည် မဟုတ်ကြောင်း သိရသည်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ထုတ်ပြန်ကြေညာချက်တွင် အီရန်နိုင်ငံ၏ ရေနံလုပ်ငန်းသည်အီရန်အစိုးရ၏ ဘဏ္ဍာငွေရှာဖွေရာတွင် အဓိကကျသော အရင်းအမြစ်တစ်ခုဖြစ်ကြောင်းနှင့် အရှေ့အလယ်ပိုင်းတွင် အီရန်၏ လုပ်ဆောင်ချက်များကို အဓိကကျားကန်ပေးနေသောအရင်းအမြစ်တစ်ခုဖြစ်ကြောင်း ပြောကြားလိုက်သည်။

အရေးယူပိတ်ဆို့မှုများကို တိုးချဲ့လုပ်ဆောင်ရန် အကြံပြုထားပြီး အီရန်နိုင်ငံ၏ဆောင်ရွက်ချက်များ မပြောင်းသရွေ့ အမေရိကန်၏ အရေးယူမှုများ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း မိုက်ပွန်ပီအိုက ပြောကြားလိုက်သည်။

အမေရိကန်အစိုးရက အီရန်နိုင်ငံသည် ၂၀၁၅ နျူကလီးယားသဘောတူညီချက်ကို ဖောက်ဖျက်ကျူးလွန်သည်ဟု စွပ်စွဲပြောကြားထားပြီး လွန်ခဲ့သောလက အီရန်ကို အရေးယူပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်ရန် ကုလသမဂ္ဂအား တိုက်တွန်းတောင်းဆိုခဲ့သည်။

သို့သော်လည်း အများစုက အမေရိကန်၏ သဘောထားကို ဆန့်ကျင်ခဲ့သည့်အတွက် အမေရိကန်၏ လုပ်ဆောင်ချက် မအောင်မြင်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# လက်တွေ့စမ်းသပ်မှုအဆင့် (၃) လုပ်ဆောင်နေသည့် တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး အနောက်နိုင်ငံများ စိတ်ဝင်စား

**ပေကျင်း စက်တင်ဘာ ၄**

တရုတ်နိုင်ငံ၏ နိုင်ငံတကာတွင်လက်တွေ့စမ်းသပ်မှုအဆင့် (၃) သို့ရောက်နေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးလေးမျိုးကို လက်တွေ့စမ်းသပ်မှုများ ဆောင်ရွက်နေသည်ဆိုသည့် သတင်းဖော်ပြမှုများကြောင့် အနောက်နိုင်ငံများက စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုများ၊ သုတေသနပြုမှုများ၏ နောက်ဆုံးတိုးတက်မှုနှင့်ပတ်သက်ပြီး ဖိုင်နန်ရှယ်တိုင်းမ်သတင်းစာနှင့် သည်နယူးယောက်တိုင်းမ် သတင်းစာတို့က သတင်းဖော်ပြထားမှုကြောင့် ယခုလို အနောက်နိုင်ငံက စိတ်ဝင်စားလာခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်က ပြောသည်။

တရုတ်အမျိုးသား ဘိုင်အိုတက်ခ်အုပ်စုက ဖော်ထုတ်နေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုး၊ ဆီနိုဗက်ခ် ဘိုင်အိုတက်ကုမ္ပဏီက ထုတ်လုပ်နေသော ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးနှင့် မျိုးရိုးဗီဇပြုပြင်ထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးတို့ကို နိုင်ငံတကာတွင် လက်တွေ့စမ်းသပ်မှုအဆင့် (၃) စတင်နေပြီဖြစ်သည်။

ပုံမှန်အားဖြင့် အဆင့် (၃) လက်တွေ့စမ်းသပ်မှုများတွင် လူထောင်ပေါင်းများစွာ ပါဝင်လေ့ရှိပြီး ဘေးကင်းထိရောက်သော ကာကွယ်ဆေးများဖြစ်ရန် စိစစ်အတည်ပြုသွားမည်ဖြစ်ကြောင်းနှင့် ယင်းတို့မှ ဈေးကွက်ခွင့်ပြုချက်ရရှိရန် အရေးကြီးကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကို တရုတ်တွင် ထိန်းချုပ်နိုင်ပြီဖြစ်သဖြင့် လက်တွေ့စမ်းသပ်မှုများ နိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် အခြေအနေမရှိသောကြောင့် စမ်းသပ်မှုအဆင့် (၃) ကို ပြည်ပနိုင်ငံများတွင် လုပ်ဆောင်နေရခြင်း ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆယ်စုနှစ်များအတွင်း အင်အားအပြင်းထန်ဆုံး မုန်တိုင်းတစ်ခု ဂျပန်အနောက်ပိုင်းသို့ မကြာမီဝင်ရောက်မည်

**တိုကျို စက်တင်ဘာ ၄**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ပြည်သူများအနေဖြင့် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဟိုင်ရှန်နှင့် ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ထားကြရန်နှင့် အဆိုပါ မုန်တိုင်းသည် ဆယ်စုနှစ်များအတွင်း ဂျပန်နိုင်ငံကို ဝင်ရောက် တိုက်ခတ်နိုင်သည့် အင်အားအပြင်းထန်ဆုံး မုန်တိုင်းတစ်ခုဖြစ်လာနိုင်ကြောင်း အာဏာပိုင်များက စက်တင်ဘာ ၄ ရက်က ပြောကြားလိုက်သည်။

ဟိုင်ရှန်သည် စက်တင်ဘာ ၆ ရက် သို့မဟုတ် ၇ ရက်တွင် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းကို အင်အားအပြင်းထန်ဆုံးဖြင့် ဝင်ရောက်လာနိုင်ကြောင်းနှင့် မိုးလေဝသအရာရှိများက ပြည်သူများအား သတိအကြီးဆုံးဖြင့် အကောင်းဆုံး ပြင်ဆင်ထားကြရန် တိုက်တွန်းပြောကြားလိုက်သည်။

ဂျပန် မိုးလေဝသအေဂျင်စီမှ အရာရှိတစ်ဦးဖြစ်သူ နာဂါမိုတို ယိုရှီဟီဆာက မိမိတို့အနေဖြင့် မုန်တိုင်း ဝင်ရောက်လာနိုင်သည့် နေရာများရှိ ပြည်သူများကို နိုးနိုးကြားကြား သတိဖြင့် နေထိုင်ကြရန် တိုက်တွန်းထားကြောင်း၊ အဆိုပါ မုန်တိုင်းကြောင့် မိုးရေချိန်စံချိန်တင် ရွာသွန်းနိုင်ကြောင်း၊ လေပြင်းများ တိုက်ခတ်နိုင်ကြောင်းနှင့် လှိုင်းကြီးနိုင်ကြောင်း သတိပေးထားသည်။

မုန်တိုင်း တိုက်ခတ်နိုင်သော နေရာများရှိ ပြည်သူများအနေဖြင့် ကြီးမားသော အပျက်အစီးများအတွက် ကြိုတင်ပြင်ဆင်ထားကြရန် နာဂါမိုတိုက တိုက်တွန်းပြောကြားထားသည်။

ထို့အတူ ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေးက ၎င်း၏ အစိုးရအဖွဲ့နှင့် စက်တင်ဘာ ၄ ရက်က တွေ့ဆုံခဲ့ပြီး အရေးပေါ်အစီအစဉ်များ စီစဉ်ရန် ဆွေးနွေးခဲ့သည်။ အာဘေးက မလိုအပ်ဘဲ အပြင်မထွက်ရန်နှင့် အာဏာပိုင်များက ထုတ်ပြန်သော ရွှေ့ပြောင်းရေးဆိုင်ရာ သတင်းအချက်အလက်များကို အခြေခံ၍ စောစောကာကွယ်မှု ပြုကြရန် တိုက်တွန်းထားသည်။

ဂျပန်နိုင်ငံအနောက်တောင်ပိုင်းတွင် အရေးပေါ်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်းနှင့် ကူမာမိုတိုခရိုင်ရှိ လယ်သမားများသည် ၎င်းတို့၏ ကောက်ပဲသီးနှံများကို ရိတ်သိမ်းလျက်ရှိသည်။

အဆိုပါ ခရိုင်သည် ဇူလိုင်လက မိုးအကြီးအကျယ် ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးမှု အကြီးအကျယ် ဖြစ်ပွားခဲ့သည်။




တာဝန်ရှိသူများက မုန်တိုင်းနှင့်ပတ်သက်ပြီး သတိပေးပြောကြားနေစဉ်။

မုန်တိုင်းကြောင့် ရေကြီးမည့် အခြေအနေကို ကြိုတင်ကာကွယ်သည့်အနေဖြင့် အရာရှိများက ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ရေသိုလှောင်ဆည်ပေါင်း ၂၀ ကျော်မှ ရေများကို လွှတ်ထုတ်ခဲ့ကြောင်း သိရသည်။ တိုင်ဖွန်းသည် အိုကီနာဝါကို ပထမဆုံးအကြိမ် ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းထားသည်။

အဆိုပါ ခရိုင်ရှိ ဒေသခံများကလည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသောကြောင့် အလုပ်များလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် OneMap Myanmar နည်းပညာဆိုင်ရာအဖွဲ့တို့၏ 5th MEITI Report ပါ အချက်အလက်များအတွက် Web Application တည်ဆောက်ခြင်းဆိုင်ရာအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် OneMap Myanmar နည်းပညာဆိုင်ရာအဖွဲ့တို့၏ 5th MEITI Report ပါ အချက်အလက်များအတွက် Web Application တည်ဆောက်ခြင်းဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက OneMap Myanmar စီမံကိန်းသည် အစိုးရဌာနအဖွဲ့အစည်းနှင့် ပြည်သူလူထုမှ မြေအပါအဝင် အခြားသဘာဝသယံဇာတဆိုင်ရာ သတင်းအချက်အလက်များကို အလွယ်တကူ ဝင်ရောက်ကြည့်ရှုနိုင်ရန်၊ အသုံးပြုနိုင်ရန်နှင့် မှန်ကန်သော မြေယာစီမံအုပ်ချုပ်မှုများ အထောက်အကူပြုနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ထုတ်ပြန်သည့် သတ္တုကဏ္ဍဆိုင်ရာ 5th MEITI Report ပါ အချက်အလက်ဇယားများမှ လုပ်ကွက်များ၏ တည်နေရာများအခြေခံ၍ OneMap Myanmar အဖွဲ့က GIS data များအဖြစ် ပြောင်းလဲခဲ့ပါကြောင်း၊ အချက်အလက်ဇယားများဖြင့် ဖော်ပြခြင်းထက် မြေပုံများဖြင့် ဖော်ပြခြင်းက အားသာချက်များသာရှိသကဲ့သို့ အားလုံးကြည့်ရှုနိုင်မည့် Web Application အဖြစ် ဆောင်ရွက်ခြင်းက ပို၍အကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် One Map Myanmar စီမံကိန်းမှ တာဝန်ရှိသူများက 5th MEITI Report အရ လက်ရှိတွင် OneMap Myanmar သည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များ၊ ပုလဲလိုင်စင်ဧရိယာများ၊ သတ္တုတွင်းလိုင်စင်ဧရိယာများနှင့် ကျောက်စိမ်းနှင့် ကျောက်မျက်မြို့နယ်များ စသည့်အချက်အလက်များအတွက် GIS data များ တည်ဆောက်ပြီး ဖြစ်ပါကြောင်း၊ GIS data များ တည်ဆောက်ပြီးဖြစ်သော်လည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ တိကျခိုင်မာရေးစစ်ဆေးခြင်း၊ ဌာနများမှ အတည်ပြုပေးခြင်း၊ Validation Process ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အချိန်လိုအပ်ချက်ရှိပါ၍ ယခုလတ်တလော တည်ဆောက်ပြီး 5th MEITI Report အခြေခံ GIS data အပေါ် ဆန်းစစ်ရန် အခက်အခဲရှိနိုင်သည့်အတွက် လာမည့် ၂၀၂၁ တွင် ထုတ်ပြန်မည့် 6th MEITI Report တွင် ဖော်ပြမည့် အချက်အလက်များအား ကြိုတင်စစ်ဆေးဆောင်ရွက်သင့်ပါကြောင်း၊ အထက်ဖော်ပြပါ အချက်အလက်(၄)မျိုးအတွက် GIS data များ တည်ဆောက်ရာတွင် လိုအပ်သော နည်းပညာပိုင်းအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခုလတ်တလောတည်ဆောက်ပြီး 5th MEITI Report အခြေခံ GIS data များအား MEITI Concession Explorer အဖြစ် Web Application တည်ဆောက်ထားပါကြောင်း၊ အဆိုပါ Web Application ကို ထုတ်ပြန်နိုင်မည်ဖြစ်သော်လည်း မည်သို့စတင်ဆောင်ရွက်သင့်သည်ကို လမ်းညွှန်မှုပြုစေလိုပါကြောင်း တင်ပြကြသည်။

အစည်းအဝေးသို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် တာဝန်ရှိအရာထမ်းများ တက်ရောက်ခဲ့ပြီး OneMap Myanmar စီမံကိန်းမှ CTA Dr. Henri Rueff ၊ Land Core Group မှ Executive Director ဦးရွှေသိန်းနှင့် OneMap Myanmar စီမံကိန်းမှ တာဝန်ရှိသူများက Vedio Conferencing ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကနေဒါနိုင်ငံမှ N-95 Masks များ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကနေဒါနိုင်ငံမှ N-95 Masks များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံရုံးမှ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာသံမှူး မစ္စဂျနီဖာဟာ့တ်က N-95 Masks များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။




ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံရုံးမှ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ သံမှူး မစ္စဂျနီဖာဟာ့တ်က N-95 Masks အရေအတွက် ခုနစ်သောင်းကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခထံ ပေးအပ်လှူဒါန်းပြီး (ဓါတ်ပုံ) ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကနေဒါနိုင်ငံက ကနေဒီယံဒေါ်လာ ၄၈၉၉၃၄ တန်ဖိုးရှိ N-95 Masks များကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဇော်မင်းလတ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




စက်တင်ဘာ ၅ ရက် (စနေနေ့) တွင် ထုတ်ဝေမည့်ရွှေသွေးဂျာနယ်တွင် ပုပုတို့သူငယ်ချင်းတစ်စုသည် ငယ်ရွယ်သူများ ဖြစ်သော်လည်း လူကြီးသူမများအပေါ် ရိုသေကိုင်းရှိုင်းပြီး နားလည်သိတတ်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် " ပုပုပါဝင်သည့် နေပါစေ ဒေါ်ဒေါ် " မျက်နှာဖုံးကာတွန်း၊ ကမ္ဘာပေါ်ရှိ သက်ရှိအရာများ၏ အစာစွမ်းအင်စီးဆင်းပုံအကြောင်းကို ကလေးတို့ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် သုတဆောင်းပါး၊ ရွာသူရွာသားများ ကြောက်လန့်နေကြသော ညသန်းခေါင်ယံအချိန်တွင် ထွက်ပေါ်လာတတ်သည့် မကောင်းဆိုးဝါး တစ်ကောင်၏ သရုပ်မှန်ကို ဖော်ထုတ်ပေးနိုင်ခဲ့သည့် ကျောင်းဆရာဦးအောင်ကြီး အကြောင်းကိုရေးဖွဲ့ထားသည့်"မကောင်းဆိုးဝါး" နှစ်မျက်နှာကာတွန်း၊ မိမိ၏အစအနောက်သန်မှုကြောင့် သူတစ်ပါးအား ဘေးဒုက္ခရောက်စေခဲ့သောကြောင့် နောင်တွင် နောက်ပြောင်ခြင်းမပြုရန် ကတိစကားဆိုသော ကျောင်းသားလေး ဇော်မောင် အကြောင်းကို ရေးဖွဲ့ထားသည့်"မနောက်ပြောင်ရဲတော့ပါ" ဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ကလေးကာတွန်း ပန်းချီစာမူ ဖိတ်ခေါ်ခြင်းဆိုင်ရာ ကြော်ငြာကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်

**ရန်ကုန် စက်တင်ဘာ ၄**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက စစ်ကိုင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် နောက်မှ လိုက်ကစားခဲ့ရသော်လည်း လူစားလဲမှန်ကန်မှုနှင့် နည်းဗျူဟာအပြောင်းအလဲကြောင့် အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ အသင်းကြီးများနှင့် ဆက်တိုက်တွေ့ဆုံပြီး ရလဒ်ဆိုးရွားနေသည့် စစ်ကိုင်းအသင်းသည် အမှတ်ရရန် ကြိုးပမ်းသော်လည်း ဦးဆောင်ဂိုးကို မထိန်းနိုင်၍ ရှုံးပွဲဆက်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း မောင်မောင်လွင် ပွဲပယ်ခံထားရသည့် ရန်ကုန်အသင်းသည် ဂျပန်ကွင်းလယ်လူ ရှိုရီကို ထည့်သွင်းကာ ယခင်ပွဲများတွင် ကွင်းလယ်၌ ကစားနေသည့် ရန်နိုင်ဦးကို ဘယ်တောင်ပံတွင် ကစားစေခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲအစတွင် ကစားကွက် တည်မရဖြစ်နေပြီး ငြိမ်းချမ်းအောင်နှင့် ကြည်လင်းတို့ဝင်လာမှ ကစားကွက်ပြန်မိကာ တိုက်စစ်ကစားပုံကောင်းမွန်ခဲ့ခြင်းဖြစ်သည်။ စစ်ကိုင်းအသင်းသည် ၁၃ မိနစ်တွင် မျိုးမင်းဖြိုး သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပထမပိုင်းမပြီးမီ နှစ်ဂိုးပြန်ပေးခဲ့ရသည်။ နည်းပြ ဦးမင်းထွန်းလင်း၏ လူစားလဲမှန်ကန်မှုကြောင့် ငြိမ်းချမ်းအောင်နှင့် ကြည်လင်းတို့ ဝင်လာပြီးနောက်ပိုင်း ရန်ကုန်အသင်း ကစားပုံပိုကောင်းလာပြီး ၃၉ မိနစ်တွင် ကောင်းထက်စိုးက ချေပဂိုးနှင့် ၄၂ မိနစ်တွင် ကြည်လင်းက ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ၅၉ မိနစ်တွင် ဇာနည်ထက်က တတိယဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်းက ပွဲကိုထိန်းကစားခဲ့ကာ စစ်ကိုင်းအသင်း အခွင့်အရေးပြန်ရလာသော်လည်း အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ လက်ရှိ ချန်ပီယံရှမ်းယူနိုက်တက်အသင်းသည် ပြိုင်ပွဲပြန်လည်စတင်ချိန်တွင် နိုင်ပွဲဆက်နေပြီး ယခုပွဲတွင်လည်း ရခိုင်ကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်နှင့် ရခိုင်အသင်းသည် ကိုးရက်အတွင်း ဒုတိယအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်က နှစ်ကျော့စလုံး အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီး ၅၅ မိနစ်တွင် ဇင်မင်းထွန်း၊ မိနစ် ၈၀ တွင် ကိသ်မာတူနာ၊ ၈၉ မိနစ်တွင် ဒွေးကိုကိုချစ်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၃)အပြီးတွင် ဟံသာဝတီအသင်းက ရမှတ် ၃၀ ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရှေ့ဝတီအသင်းက ၂၇ မှတ်၊ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းက ၂၃ မှတ်စီ၊ ရခိုင်အသင်းက ၁၄ မှတ်၊ ရတနာပုံနှင့် စစ်ကိုင်းအသင်းက ၁၀ မှတ်စီ၊ အား/ကာသိပ္ပံနှင့် မကွေးအသင်းက ခုနစ်မှတ်စီ၊ Southern အသင်းက သုံးမှတ် ရရှိထားသည်။

**ညီမြတ်သော်တာ**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၄ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးဌာနတွင် စည်ပင်သာယာရဲတပ်ဖွဲ့(ရန်ကုန်)မှ တပ်ဖွဲ့မှူး ရဲမှူးကြီး သက်လွင်နှင့် ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးအောင်ဦးစီးတပ်ဖွဲ့ဝင်၊ မိသားစု ၄၇ ဦးတို့ စုပေါင်းသွေးလှူဒါန်းကြစဉ်။

မြန်မာ့အလင်း

❖ *ကျောဖုံးမှ*

ထိုသို့ ထောက်ပံ့ရာတွင် စစ်တွေမြို့ရှိ အခြေခံအိမ်ထောင်စုများအတွက် ဆန်ထောက်ပံ့ခြင်း၊ အခြားမြို့နယ်များမှ အခြေခံအိမ်ထောင်စုများအတွက် ဆန်ဝယ်ယူရန် ငွေသား ထောက်ပံ့ခြင်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ရုံးမှ သိရသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် စစ်တွေမြို့နယ်အတွင်း Stay at Home ကာလ ပုံမှန်ဝင်ငွေမရှိသော အခြေခံပြည်သူ အိမ်ထောင်စု ၂၉၉၀၇ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၉၈၁၄၀၀၀၀ ကို ဩဂုတ် ၂၅ ရက်က ထောက်ပံ့ပေးပြီးဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၆၄ ရက်သာ**

**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ရွေးကောက်ပွဲများသည်-

- ➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## ပလက်ဝမြို့နယ်၌ ကိုယ်စားလှယ်လောင်း ၂၄ ဦး ရွေးချယ်ခံမည်

**ပလက်ဝ စက်တင်ဘာ ၄**

၂၀၂၀ ပြည့်နှစ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပလက်ဝမြို့နယ်၌ မဲဆန္ဒနယ် ငါးနယ်ရှိရာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ပါတီ လေးခုမှ ကိုယ်စားလှယ် လေးဦး၊ ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၇)တွင် ပါတီ ခြောက်ခုမှ ကိုယ်စားလှယ် ခြောက်ဦး၊ အမှတ်(၈)တွင် ပါတီ ငါးခုမှ ကိုယ်စားလှယ် ငါးဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် တစ်ဦး စုစုပေါင်း ခြောက်ဦး၊ ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)တွင် ပါတီ သုံးခုမှ ကိုယ်စားလှယ် သုံးဦး၊ အမှတ်(၂)တွင် ပါတီ ငါးခုမှ ကိုယ်စားလှယ် ငါးဦး စုစုပေါင်း ကိုယ်စားလှယ်လောင်း ၂၄ ဦး ပါဝင်ရွေးချယ်ခံမည်ဖြစ်ကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ခူမီး(ခမီး)အမျိုးသားပါတီ၊ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပါတီ၊ တစ်သီးပုဂ္ဂလ တစ်ဦးတို့ဖြစ်ကြပြီး ပါတီ ခြောက်ခု၊ ကိုယ်စားလှယ်လောင်း ၂၃ ဦးနှင့် တစ်သီးပုဂ္ဂလ တစ်ဦး စုစုပေါင်း ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံမည်ဖြစ်သည်။

မောင်မောင်ကျော် (ပလက်ဝ)

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

# ရခိုင်အတွက် ပြည်ထောင်စု၊ ပြည်ထောင်စုအတွက် ရခိုင်ဆိုသည့် စိတ်ဓာတ်နှင့်ကြည့်



မိမိတို့ပြည်ထောင်စု ရေရှည်ရည်မှန်းချက်နှင့် သားသမီးအားလုံးအတွက် ရည်မှန်းချက်များကို မျက်ခြည်မပြတ်ရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဘာသာရေးနှင့်လူမျိုးရေး အကြောင်းပြသည့် ပဋိပက္ခများရှိပါကြောင်း၊ အမုန်းတရားကို တူးဆွနေသူများ၊ မေတ္တာမပွားဘဲ တစ်ဦးနှင့်တစ်ဦးကြား ပဋိပက္ခဖြစ်ပွားအောင် လှုံ့ဆော်နေမှုများရှိပါကြောင်း၊ ယခု ရခိုင်ပြည်နယ်တွင် ကိုဗစ်ကို တိုက်ထုတ်ကြရာတွင် တစ်ဦးအပေါ်တစ်ဦး မည်သို့ စေတနာထားသည်ကို ပြသရန် လိုအပ်ပါကြောင်း၊ ယခုအချိန်တွင် မည်သူက အမှန်တကယ်စေတနာရှိသည်ဆိုသည်မှာ ပေါ်လာမည်ဖြစ်ပါကြောင်း၊ ရခိုင်အတွက် ပြည်ထောင်စု၊ ပြည်ထောင်စုအတွက် ရခိုင်ဆိုသည့် စိတ်ဓာတ်နှင့်ကြည့်ရန် များစွာအရေးကြီးပါကြောင်း။။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး သတင်းမှ ကောက်နုတ်ချက်)

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၆၀ ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၁၇၁ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၄

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၆၀ ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၁၇၁ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၁၇၁ ဦးအနက် သေဆုံးသူ ခုနစ်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၅၉ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၅၆ ဦးနှင့် စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၉၈ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၆၈၀၇၅ | ၁၁၇၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၅၉ | ၇ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၈၆၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၅၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၅၁၀ | ၆ |
| ၂ | ရခိုင် | ၅၀၅ | |
| ၃ | ပဲခူး | ၃၉ | ၁ |
| ၄ | မွန် | ၂၂ | |
| ၅ | ချင်း | ၁၉ | |
| ၆ | မန္တလေး | ၁၉ | |
| ၇ | နေပြည်တော် | ၁၁ | |
| ၈ | စစ်ကိုင်း | ၁၀ | |
| ၉ | ရှမ်း(တောင်) | ၈ | |
| ၁၀ | ကရင် | ၆ | |
| ၁၁ | တနင်္သာရီ | ၆ | |
| ၁၂ | မကွေး | ၅ | |
| ၁၃ | ရှမ်း(မြောက်) | ၃ | |
| ၁၄ | ရှမ်း(ရှေ့) | ၃ | |
| ၁၅ | ဧရာဝတီ | ၃ | |
| ၁၆ | ကချင် | ၂ | |
| စုစုပေါင်း | | ၁၁၇၁ | ၇ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၄-၉-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ၄-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၃၃၈၁၁၉ | ၃၅၇၅၈၆၆ | ၁၉၁၁၃၇ |
| ၂။ | ဘရာဇီး | ၄၀၄၆၁၅၀ | ၃၂၄၇၆၁၀ | ၁၂၄၇၂၉ |
| ၃။ | အိန္ဒိယ | ၃၉၇၁၆၇၀ | ၃၀၆၇၆၇၂ | ၆၈၈၇၈ |
| ၄။ | ရုရှား | ၁၀၁၅၁၀၅ | ၈၃၂၇၄၇ | ၁၇၆၄၉ |
| ၅။ | ပီရူး | ၆၇၀၁၄၅ | ၄၈၉၈၈၆ | ၂၉၄၀၅ |
| ၆။ | ကိုလံဘီယာ | ၆၄၁၅၇၄ | ၄၈၉၁၅၁ | ၂၀၆၁၈ |
| ၇။ | တောင်အာဖရိက | ၆၃၃၀၁၅ | ၅၅၄၈၈၇ | ၁၄၅၆၃ |
| ၈။ | မက္ကဆီကို | ၆၁၆၈၉၄ | ၄၃၀၂၈၇ | ၆၆၃၂၉ |
| ၉။ | စပိန် | ၄၈၈၅၁၃ | စိစစ်ဆဲ | ၂၉၂၃၄ |
| ၁၀။ | အာဂျင်တီးနား | ၄၅၁၁၉၈ | ၃၃၁၆၂၁ | ၉၄၆၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၄- ၉ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၃၂၀၇၂ | ၁၆၀၅၄၉ | ၃၇၃၇ |
| အင်ဒိုနီးရှား | ၁၈၇၅၃၇ | ၁၃၄၁၈၁ | ၇၈၃၂ |
| စင်ကာပူ | ၅၆၉၄၈ | ၅၆၁၇၄ | ၂၇ |
| မလေးရှား | ၉၃၈၅ | ၉၀၉၂ | ၁၂၈ |
| ထိုင်း | ၃၄၃၁ | ၃၂၇၇ | ၅၈ |
| မြန်မာ | ၁၁၇၁ | ၃၅၉ | ၇ |
| ဗီယက်နမ် | ၁၀၄၉ | ၇၇၂ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၇၂ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၃-၉-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်–
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁,၃၂၇)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၄၀) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- • COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၃-၉-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၈၅၈) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၈၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၉၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၅၃) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မှ ဓာတ်ခွဲနမူနာ (၁)ခု၊

စုစုပေါင်း (၂,၅၉၄) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၇၅) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၅၃)ဦး တွေ့ရှိကြောင်းကို (၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၃၃)ဦး ရှိပြီဖြစ်ပါသည်။

၄။ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အသက် (၄၆) နှစ်အရွယ် အရေပြားလေးဖက်နာရောဂါအခံရှိသူ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (Case – 1023) သည် နောက်ဆုံးအဆင့် ကျောက်ကပ်ပျက်စီးခြင်း၊ ရုတ်တရက် နှလုံးစည်းချက်မမှန်ဖြစ်ပြီး နှလုံးအမောဖောက်ခြင်းကြောင့် (၃-၉-၂၀၂၀) ရက်နေ့၊ ည (၁၀:၃၀) နာရီအချိန်တွင် သေဆုံးသွားပါသည်။

၅။ သို့ဖြစ်ရာ (၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအချိန်အထိ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ(၇) ဦး ရှိပြီဖြစ်ပါသည်။

၆။ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၅) ဦးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

(၃-၉-၂၀၂၀) ရက်နေ့အတွက် ထပ်မံစစ်ဆေးခဲ့သောဓာတ်ခွဲနမူနာ (၁,၄၆၇) ခုအနက် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ကမာရွတ်မြို့နယ် | ၄ |
| | | သဃ်န်းကျွန်းမြို့နယ် | ၃ |
| | | တာမွေမြို့နယ် * | ၂ |
| | | မရမ်းကုန်းမြို့နယ် | ၂ |
| | | စမ်းချောင်းမြို့နယ် | ၂ |
| | | သာကေတမြို့နယ် | ၁ |
| | | လှိုင်မြို့နယ် | ၁ |
| | | ဗိုလ်တထောင်မြို့နယ် | ၁ |
| | | ကျောက်တံတားမြို့နယ် | ၁ |
| | | လမ်းမတော်မြို့နယ် | ၁ |
| | | ရန်ကင်းမြို့နယ် | ၁ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၁ |
| ၂။ | မကွေးတိုင်းဒေသကြီး | အောင်လံမြို့နယ် | ၁ |
| ၃။ | ရခိုင်ပြည်နယ် | အမ်းမြို့နယ် | ၁ |
| စုစုပေါင်း | | | ၂၂ |

(*) တစ်ဦးမှာ ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာ ကန့်သတ်ထားရှိပါသည်။

COVID-19 ရောဂါအတွက်
ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
(၄-၉-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

| | |
|---|---|
| (၃-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁,၃၂၇) ခု |
| (၃-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂၂) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂၂) ဦး | (၁,၁၃၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၉) ဦး |
| သေဆုံးလူနာ (death) | (၁) ဦး | (၇) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိမှု
(၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီ

(၃-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
(၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 1059 | ၂၂ နှစ် | မ | မုဒုံမြို့၊ မွန်ပြည်နယ် | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1060 | ၂၀ နှစ် | မ | မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-788) | မရှိ | ကန်တော်နဒီအထူးကုဆေးရုံ၊ မန္တလေးမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1061 | ၃၂ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-741) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1062 | ၂၅ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-741) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1063 | ၂၄ နှစ် | ကျား | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-775) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1064 | ၁၇ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1065 | ၅၇ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-856, 857, 858) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1066 | ၅၀ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-856, 857, 858) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1067 | ၅၁ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-856, 857, 858) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1068 | ၂၀ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-856, 857, 858) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1069 | ၃၂ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-856, 857, 858) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1070 | ၃၀ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 792, 790) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1071 | ၃၃ နှစ် | ကျား | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 792, 790) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1072 | ၅ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 639) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1073 | ၄၃ နှစ် | မ | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 905) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1074 | ၂၄ နှစ် | မ | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 896) | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| *1075 | ၃၂ နှစ် | မ | ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| *1076 | ၃၇ နှစ် | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| *1077 | ၅၅ နှစ် | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| *1078 | ၂၉ နှစ် | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1079 | ၄၄ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1080 | ၆၄ နှစ် | မ | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (အိန္ဒိယ) | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1081 | ၂၅ နှစ် | မ | လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | မရှိ | ရှိ (အိန္ဒိယ) | COVID-19 ကုသရေးဌာန (ဖော်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1082 | ၄၉ နှစ် | ကျား | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 751) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1083 | ၁၇ နှစ် | ကျား | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 752) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1084 | ၁၃ နှစ် | မ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 752) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1085 | ၂၀ နှစ် | မ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 752) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1086 | ၁၉ နှစ် | ကျား | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 752) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1087 | ၈၅ နှစ် | မ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 751) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1088 | ၁၉ နှစ် | မ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 751) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1089 | ၄၇ နှစ် | မ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 770) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1090 | ၁၀ နှစ် | မ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 770) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1091 | ၂၀ နှစ် | မ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 770) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1092 | ၁၅ နှစ် | ကျား | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1093 | ၃၉ နှစ် | မ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 751) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1094 | ၂၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 648, 786) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1095 | ၃၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 645) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1096 | ၅၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 645) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1097 | ၆၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 645) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1098 | ၇၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |

စာမျက်နှာ ၁၈ သို့

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၄-၉ -၂၀၂၀)ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၉၃၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၃၃၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၀၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၉၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မှ ဓာတ်ခွဲနမူနာ (၃)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၆) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၈) ခု
- စုစုပေါင်း (၁,၆၄၂)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈) ဦး တွေ့ရှိရပါသည်။

၂။ (၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁,၁၇၁) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှု တွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၅၉) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၅၆) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၇)ဦး ရှိပါသည်။

၅။ (၃-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၄-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၉၈) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၄-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃၅) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၃၂) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၄) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပုသိမ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မြောင်းမြမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပြင်ဦးလွင်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃)ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ဘားအံမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ဟားခါးမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (လှိုင်ကော်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၃၈) ဦး |

(၄-၉-၂၀၂၀) ရက်နေ့အတွက် ည (၈:၀၀) နာရီအချိန်အထိ ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁,၆၄၂) ခုအနက် အတည်ပြုလူနာ (၃၈) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံမြို့နယ် | ၈ |
| ၂ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ်* | ၁ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပမြို့နယ် | ၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၁ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၁ |
| | | ပန်းပဲတန်းမြို့နယ် | ၁ |
| | | မရမ်းကုန်းမြို့နယ် | ၁ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁ |
| | | တွံတေးမြို့နယ် | ၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၁ |
| ၄ | မွန်ပြည်နယ် | ကျိုက်ထိုမြို့နယ်** | ၁ |
| ၅ | ရခိုင်ပြည်နယ် | ပုဏ္ဏားကျွန်းမြို့နယ် | ၃ |
| | | ဘူးသီးတောင်မြို့နယ် | ၂ |
| | | ကျောက်ဖြူမြို့နယ် | ၂ |
| ၆ | နေပြည်တော် | ဒက္ခိဏသီရိမြို့နယ် | ၂ |
| | | ဇမ္ဗူသီရိမြို့နယ် | ၂ |
| | | ဥတ္တရသီရိမြို့နယ် | ၁ |
| | | ပျဉ်းမနားမြို့နယ် | ၁ |
| | | တပ်ကုန်းမြို့နယ် | ၁ |

(*) ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိပါသဖြင့် ရန်ကုန်မြို့တွင် အသွားအလာ ကန့်သတ်ထားရှိပါသည်။

(**) Stay at home သတ်မှတ်ထားသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် ကျိုက်ထိုမြို့တွင် အသွားအလာကန့်သတ်ထားရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃၈) ဦး | (၁,၁၇၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၇) ဦး |

*စာမျက်နှာ ၁၇ မှ*

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| 1099 | ၄၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 649) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1100 | ၃၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1101 | ၅၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1102 | ၂၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1103 | ၅၄ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1104 | ၄၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1105 | ၂၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 751) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1106 | ၂၃ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1107 | ၄၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1108 | ၂၄ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1109 | ၄၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 751) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1110 | ၁၇ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 751) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1111 | ၅၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 992) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1112 | ၃၃ နှစ် | ကျား | အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံ၊ အောင်လံမြို့) |
| 1113 | ၃၀ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး) |
| 1114 | ၄၀ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး) |
| 1115 | ၄၀ နှစ် | မ | ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး) |
| 1116 | ၁၈ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး) |
| 1117 | ၂၅ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး) |
| 1118 | ၂၆ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး) |
| 1119 | ၅၀ နှစ် | မ | အမ်းမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 658) | မရှိ | ပြည်သူ့ဆေးရုံ၊ အမ်းမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1120 | ၂၅ နှစ် | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1121 | ၅၄ နှစ် | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1122 | ၂၀ နှစ် | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1123 | ၅၂ နှစ် | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1124 | ၅၁ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ပြင်သစ်) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1125 | ၆၀ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး) |
| 1126 | ၃၆ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 1127 | ၃၄ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး) |
| 1128 | ၄၆ နှစ် | မ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး) |
| 1129 | ၃၀ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1130 | ၂၅ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1131 | ၂၃ နှစ် | မ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1132 | ၃၃ နှစ် | ကျား | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1133 | ၃၂ နှစ် | ကျား | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |

* ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ပြန့်ပွားလျက်ရှိသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် စက်တင်ဘာ ၄**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာ နိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

# တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင် မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ကေများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့်သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ယင်းမာပင်မြို့နယ်၌ စပါးမျိုးသစ်များဖြင့် အကွက်ကျယ် သရုပ်ပြစမ်းသပ်ကွက်များ စိုက်ပျိုးထား

**စစ်ကိုင်း စက်တင်ဘာ ၄**

စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်း (ADSP)အရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြောက်ယမားဆည်ရေသောက်ဧရိယာဖြစ်သော ယင်းမာပင်မြို့နယ် ငါးမောင်းကျေးရွာမှ တောင်သူတစ်ဦး၏ စိုက်ကွက်တွင် ထုတ်ဝေပြီး စပါးမျိုးသစ်များဖြင့် အကွက်ကျယ် သရုပ်ပြ စမ်းသပ်ကွက်များ စိုက်ပျိုးထားကြောင်း သိရသည်။

အဆိုပါ စိုက်ကွင်းများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ဇလုပ်နှင့်ပန်းကုံး စိုက်ပျိုးရေး သုတေသနခြံများမှ တာဝန်ခံများ၊ သက်ဆိုင်ရာ ဌာနစုတာဝန်ခံများနှင့် သုတေသနပညာရှင်များနှင့်အတူ ဩဂုတ်လ နောက်ဆုံးပတ်က ကွင်းဆင်းကြည့်ရှုသည်။

ကွင်းဆင်းစစ်ဆေးစဉ်အတွင်း ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များက အကွက်ကျယ် သုတေသနစမ်းသပ်ကွက်၌ စိုက်ပျိုးထားရှိသည့် ထုတ်ဝေပြီး စပါးမျိုးသစ်များ၏ အပင်ဖြစ်ထွန်းမှုအခြေအနေ၊ သွင်းအားစု ထည့်သွင်းအသုံးပြုထားမှုနှင့် တုံ့ပြန်မှုအခြေအနေ၊ အပင်ရောဂါနှင့် ပိုးမွှားကျရောက်မှုတို့ကို မှတ်တမ်းကောက်ယူထားမှု အခြေအနေများနှင့် နည်းပညာပိုင်းဆိုင်ရာ စိုက်ပျိုးဗဟုသုတများကို စမ်းသပ်ကွက် တာဝန်ခံများနှင့် စိုက်ခင်းပိုင်ရှင်တောင်သူတို့ သိရှိနိုင်ရန် ဆွေးနွေးအကြံပြုခဲ့သည်။

သရုပ်ပြစိုက်ပျိုးထားသည့် စပါးမျိုးများမှာ စိုက်ပျိုးရေး သုတေသန ဦးစီးဌာနက ထုတ်ဝေသော အထွက်ကောင်းမျိုးများဖြစ်သည့် YQR-11 နှင့် YQR-12 ၊ ရေအနည်းလို စပါးမျိုးများဖြစ်ကြသည့် ယာ-07 နှင့် ယာ-14 ၊ ဆည်ရေသောက်စပါးမျိုးဖြစ်သည့် YIR-14 နှင့် စံထားမျိုးအဖြစ် ဆင်းသုခမျိုးတို့ဖြစ်ပြီး ယခုကဲ့သို့ တောင်သူစိုက်ကွက်အတွင်း အကွက်ကျယ် သုတေသနအဖြစ် အဆိုပါ စပါးမျိုးများကို အထွက်ယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးထားခြင်းဖြင့် တောင်သူများကိုယ်တိုင် မျက်မြင်ကြည့်ရှု၍ စိတ်ကြိုက်ရွေးချယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **မေမိုးသဲ**




● *ကျောဖုံးမှ*

ကက်စတိတ်သည် မိခင်နိုင်ငံ ဘယ်လ်ဂျီယံအသင်းအတွက် ၂၀၁၈ ခုနှစ်တွင် ပွဲဦးထွက် ကစားခဲ့ပြီး စုစုပေါင်း ခုနစ်ပွဲ ပါဝင်ကစားထားကာ နှစ်ဂိုး သွင်းယူပေးထားနိုင်သူ ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့် ရာသီက အတ္တလန္တာအသင်းအတွက် ပြိုင်ပွဲစုံ ၃၃ ပွဲတွင် နှစ်ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။

ပြီးခဲ့သည့်လတွင် လက်စတာအသင်းသည် အသင်းမှ အဓိက ကစားသမားတစ်ဦးဖြစ်သူ ဂျေမီဗာဒီကို သုံးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။ ၎င်းသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင်လက်စတာအသင်းအတွက် လိဂ်၃၅ပွဲ ပါဝင်ကစားထားပြီး ၂၃ ဂိုး သွင်းထားနိုင်သောကြောင့် ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။ ထို့အပြင် လက်စတာအသင်းသည် မန်ယူအသင်းက ခေါ်ယူရန် ချဉ်းကပ်နေသော ဂျိမ်းစ်မက်ဒီဆင်ကိုလည်း လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

လက်စတာအသင်းသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီ ပိတ်သိမ်းချိန်၌ ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် အဆင့်(၅)နေရာ၌ ရပ်တည်နိုင်ခဲ့သောကြောင့် လာမည့်နှစ် ယူရိုပါလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။ ၂၀၂၀-၂၀၂၁ ရာသီ ပရီမီယာလိဂ် အဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၃ ရက်တွင် တန်းတက် ဝက်စ်ဘရွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇော်**

### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၉ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၅/၅၈၅ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၅/၆၀၀ ကျပ် | ၆၀၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၀၅/၅၃၅ ကျပ် | ၅၆၅/၅၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၅၀ ကျပ် | ၆၉၀/၇၁၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၃ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၁ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၈ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၅ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၅ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၂ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၄၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၂၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၃၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၅၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၄၉ | ၄၈၅၁၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၃၃၉ | ၁၂၂၄၈၅၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၂၈ | ၂၂၂၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၂၀ | ၄၄၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၆၈၉ | ၁၉၂၈၈၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၁၈ | ၅၅၈၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၁ | ပရဆေးများ။ |
| ၂၂ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၃ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းကိရိယာ တန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံးတစ်ခါသုံး နှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါကူးစက်ခြင်းအား ကာကွယ်ရန်တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၄ | ကွန်ဒုံး(Condom)။ |
| **ဘာသာရေးနှင့် လူမှုရေးသုံးကုန်စည်များ** | |
| ၂၅ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။ |
| ၂၆ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၂၈ | ပြည်တွင်းပြည်ပ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၂၉ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံး စက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့်ယင်းတို့၏ အရန်နှင့်အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၀ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochloride များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၁ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၂ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏ လုပ်အားနှင့် တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအားသီးသန့်သော်လည်းကောင်းဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့်စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ် ဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေး လုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးကိရိယာများ)။ |
| ၃၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၃၄ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့်ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည် ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ (၆)၊ အကွက်အမှတ် (၅+၆+၇ တိုးချဲ့)၊ ဦးပိုင်အမှတ် ၂၄၉၊ မြေချိန်ဧရိယာ ၀ဒသမ၀၉၂ ဧကရှိ မြေကွက်ကို ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မြို့မြေကွက်ချထား ကြီးကြပ်မှုကော်မတီ၊ လားရှိုးမြို့၏ (၂၀-၁၀-၁၉၉၅) ရက်စွဲပါစာအမှတ် ၂၂၁/၂-၂၁/ခ၀တ-လရ၏ မြေပေးမိန့်အမှတ် (၁၉/၉၅)ဖြင့် မြေကွက်ရရှိခဲ့မှုအပေါ် ဒေါ်ဒေါ်ဝင်းညွှယ် ၁၃/လရန(နိုင်)၀၂၃၇၄၄မှ မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
လားရှိုးမြို့

### သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ပြည်မြို့နယ်၊ သခွတ်စောက်အုပ်စု၊ ကျွဲခေါင်းရွာနေ ကျွန်တော် ဦးမျိုးမြင့်နှင့် ဒေါ်စန်းနုတို့၏သား မောင်ဇင်မင်းထက် ၇/ပမန(နိုင်)၂၀၉၈၉၁သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၃-၉-၂၀၂၀ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် တစ်စုံတစ်ရာရှိလာပါက မိဘများနှင့် လုံးဝမသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမျိုးမြင့်-ဒေါ်စန်းနု

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြု၍ ကောက်ခံနေသော စစ်တောင်းတံတား မြန်မာ့မီးရထား၏ ၁-၁၀-၂၀၂၀ ရက်မှ ၃၀-၉-၂၀၂၃ ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ပိုင်ခွင့်လုပ်ငန်း လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား
စစ်တောင်းတံတား (သိမ်ဇရပ်၊ မြန်မာ့မီးရထား)

(ခ) ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ
မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၈)တိုင်း၊ မော်လမြိုင်မြို့

(ဂ) အိတ်ဖွင့်တင်ဒါ နောက်ဆုံးပေးသွင်းရမည့် ရက်နှင့်အချိန်
(၂၈-၉-၂၀၂၀) ရက်၊ (တနင်္လာနေ့)၊ ရုံးချိန်အတွင်း

(ဃ) အိတ်ဖွင့်တင်ဒါ ပေးသွင်းရမည့်နေရာ
မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၈)တိုင်း၊ မော်လမြိုင်မြို့

(င) အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့် ရက်စွဲနှင့်အချိန်
(၂၉-၉-၂၀၂၀)ရက်၊ (အင်္ဂါနေ့)၊ ၁၄:၀၀ နာရီ

(စ) အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်နေရာ
မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၈)တိုင်း၊ မော်လမြိုင်မြို့

**မှတ်ချက်။** အိတ်ဖွင့်တင်ဒါဝယ်ယူခွင့် တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၁၀၀၀၀/- နှုန်းဖြင့် (၁၀-၉-၂၀၂၀)ရက်မှစ၍ (၂၅-၉-၂၀၂၀) ရက် ရုံးချိန်အတွင်း မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၈)တိုင်း၊ မော်လမြိုင်မြို့တွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၀၂၄၈၂၁**

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကွင်း/အကွက် အမှတ်အမည် ၂၄၅/၂၄၇/၇၅၇ ဘုတ်ချောင်း၊ ရှမ်းချောင်း၊ ပလပ်ရှောင်မြောက်၊ မြေကွက်အမှတ် ၉၁၅ ပေ(၃၀x၅၀)အား မြေကွက်ပိုင်ရှင် ဦးအေးကျော်ထံမှ ဦးမျိုးလှိုင်က ဝယ်ယူပြီး ယခုအခါတွင် အဆိုပါမြေကွက်အား ဦးမျိုးလှိုင်ထံမှတစ်ဆင့် ကျွန်တော်ဦးရဲဇော်လင်း ၆/မမန(နိုင်)၁၈၄၂၃၄မှ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲဇော်လင်း**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI-1928 ဟွန်ဒါ Pcx 150 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးစိုးပိုင် ၆/လလန(နိုင်)၀၁၆၃၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၁၂၈၅၅ Honda wave 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အေး ၆/ထဝန(နိုင်) ၁၂၇၄၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၆/မြို့မရပ်မှ ဧရိယာ ၀ ဒသမ ၁၀၉ ဧကရှိမြေကွက်အမှတ်(ပ-၂၀၈၅၈)ဦးစိန်ဝင်း ၁၂/သကတ(နိုင်) ၀၃၂၇၁၉ (ဘ)ဦးအေးမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်ခင်မိုးစပါယ်ခိုင် ၁၂/သဃက(နိုင်)၀၄၁၀၃၁ (ဘ)ဦးကြိုင်သင်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၃၄/၁၉-၁၂-၂၀၁၇)တင်ပြ၍ ဦးကြိုင်သင်း ၁၂/သဃက(နိုင်)၀၆၂၅၂၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ် ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/9055 Mitsubishi Canter FE 53 EC, Van ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၁၂/ကတတ(နိုင်)၀၂၂၇၉၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/8218 DF Nissan Diesel Tractor ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဆွေ ၁၂/ဒဂန(နိုင်)၀၁၃၆၀၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5208 Toyota Liteace KM 70 P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ကိုကိုနိုင် ၇/ပခန(နိုင်)၂၃၉၈၅၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

## မန္တလေးတိုင်းဒေသကြီး
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ဒီဇယ်ဆီနှင့် ဘီလပ်မြေအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး အထွေထွေပိုလျှံ (GRF) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆည်၊ ကန်၊ တာတမံ ပြုပြင်ထိန်းသိမ်းခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း စသည့် လုပ်ငန်းများနှင့် တိုင်းဒေသကြီး(သာမန်)အစားထိုးလုပ်ငန်း တစ်ခုအတွက် ထပ်မံလိုအပ်သော ဘီလပ်မြေတန် (၁၃၅၀)ခန့်နှင့် ဒီဇယ်ဆီ (၈၂၀၀၀) ဂါလန်ခန့်အား ၃-၉-၂၀၂၀ရက်မှစ၍ မြန်မာ(ကျပ်)ငွေ ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများအား ၇၃လမ်းနှင့် သဇင်လမ်းထောင့်၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ၃-၉-၂၀၂၀ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၂၈၄၈၆၅၄၊ ၀၂-၂၈၄၈၆၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရယူရမည့်ရက်** | - ၃-၉-၂၀၂၀ ရက်မှ ၂-၁၀-၂၀၂၀ ရက်အထိ |
| (ခ) | **တင်ဒါသွင်းရမည့် နောက်ဆုံးရက်/အချိန်** | - ၂-၁၀-၂၀၂၀ ရက် ၁၆:၃၀ နာရီ |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်** | - ၆-၁၀-၂၀၂၀ရက် (ခန့်မှန်း) |
| (ဃ) | **တင်ဒါဖွင့်မည့်နေရာ** | - ၂၆ ဘီလမ်း၊ ၇၀x၇၁လမ်းကြား၊ ဆည်မြောင်းဧည့်ရိပ်သာ၊ မန္တလေးမြို့ |

သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၂၅၊ မြေကွက်အမှတ် ၃၄၆၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဒေါ်တင်တင်မြင့် ၁၂/လသန(နိုင်)၀၁၁၂၃၃ အမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ၁၆-၈-၂၀၂၀ရက်တွင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ရေးရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသန္တာထွန်း LL.B**
**ဖုန်း-၀၉-၅၀၉၇၀၄၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၅၊ မြေကွက်အမှတ် ၂၀၂(က)၊ ၂၀၂(ခ)၊ အကျယ်အဝန်း ပေ(၂၀x၆၀)၊ ပေ(၂၀x၆၀) ရှိ ဒေါ်တင်တင်မြင့် ၁၂/လသန(နိုင်)၀၁၁၂၃၃ အမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ၁၆-၈-၂၀၂၀ ရက်တွင် ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ရေးရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသန္တာထွန်း LL.B**
**ဖုန်း-၀၉-၅၀၉၇၀၄၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၁၈၆)၊ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးစိုးသူ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခင်ရွှေ(ဘ)ဦးလောက်ရီ ၁၃/ကခန(နိုင်) ၀၃၈၁၉၈ မှ မြေပေးမိန့်၊နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ဒက္ခိဏခရိုင် တရားရုံး ကျမ်းကျိန်လွှာအမှတ်(၂၁၃၃/၂၀၂၀)၊နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊မြေကွက်အမှတ်(၃၀၉/ခ)မြေကွက်တည်နေရာအမှတ်(၃၀၉/ခ)၊ဇွဲကပင်လမ်း၊(၅၄)ရပ်ကွက်၊ဒဂုံတောင်ပိုင်းမြို့နယ်၊ဦးဘစန်း(KMYI-၀၀၈၆၆၄)အမည်ပေါက်၊ပါမစ်မြေအားပါမစ်အမည်ပေါက်ဦးဘစန်း(KMYI-၀၀၈၆၆၄)ထံမှ အရောင်းစာချုပ်(၂၂-၆-၂၀၁၁)ဖြင့်ဝယ်ယူထားသူဒေါ်စန်းစန်းနု(၁၂/အလန(နိုင်)၀၁၅၀၉၇)မှပါမစ်မူရင်း(မိသားစုဓာတ်ပုံပျက်စီး)တင်ပြ၍ပါမစ်ရှိဖြင့်ဂရန်သစ်လျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်RCအဆောက်အဦး(၁)လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်ကြောင်းတင်ပြ၍ပါမစ်ရှိဖြင့်(ဂရန်သစ်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/3187 Honda Insight 2E2 Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၂/တကန(နိုင်) ၀၇၉၇၉၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/7085 Mitsubishi Minicab U61T Pick Up (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးသန္တာဦး ၁၂/သကတ(နိုင်)၀၂၀၄၉၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ - ၁ နှင့် ၅)
## ကသာခရိုင်တရားရုံးတော်
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၂၄

| | | | |
|---|---|---|---|
| ဦးလင်းထင် | **နှင့်** | ၁။ ဦးဇော်လ | ၆။ ဦးအောင်ဝေဖြိုး |
| (ဒုတိယအထွေထွေ | | ၂။ ဒေါ်လုတောင် | ၇။ ဦးသန်းဦး |
| မန်နေဂျာ) အမှတ်(၂) | | ၃။ ဒေါ်ဂျာတောင် | ၈။ ဦးမိုးချိန် |
| သတ္တုတွင်းလုပ်ငန်း | | ၄။ ဦးစံသိန်း | ၉။ ဦးခင်မောင်ထွေး |
| စစ်ကိုင်းတိုင်းဒေသကြီး | | ၅။ ဦးစိုးရည် | ၁၀။ ဦးစီဂူမဆီး(ခ) |
| မုံရွာမြို့ | | | ရဲဖုန်း |
| **တရားလို** | | **တရားပြိုင်များ** | |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်၆/၁၂၂၀၊ ကုန်းဘောင် ၁၅လမ်း၊ ရပ်ကွက် ၆ နေ ဦးဇော်လ၊ ဒေါ်လုတောင်၊ ဒေါ်ဂျာတောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ် ၄၄၀၊ ရွှေပြည်သာလမ်း၊ ရပ်ကွက် ၆ နေ ဦးစိုးရည်၊ ဦးအောင်ဝေဖြိုး၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ အမှတ် ၅၁၄/၉၊ ၅၉ လမ်း၊ ရေစစ်ကန်အရှေ့၊ မဟာဇေယျာဘုံရပ်နေ ဦးသန်းဦး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့နယ်၊ ရပ်ကွက် ၄ နေ ဦးခင်မောင်ထွေးနှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အမှတ် ၅၉၊ စံပြလမ်း၊ တပ်ကုန်းရပ်ကွက်နေ ဦးစီဂူမဆီး (ခ)ရဲဖုန်း ဝင်းဧရာဝတီကုမ္ပဏီလီမိတက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဦးလင်းထင်က ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင် (၂၀၇.၈၁) ကျပ်သားရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၈ ရက် (၁၃၈၂ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သောင်းအောင်)**
**ခရိုင်တရားသူကြီး**
**ကသာခရိုင်တရားရုံး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ နန့်ခမ်းကျေးရွာ၊ ဘူတာစုရပ်နေ မအေးသူဇာ ၅/ဝသန(နိုင်)၀၇၀၇၁၆ ၏ ဖခင်ဦးအောင်တင်ထွေးနှင့် ဦးတင်ထွေး ၅/ဝသန(နိုင်)၀၃၁၁၃၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ကျေးရွာ၊ အထက (ကျောက်နီမော်) ကျောင်း Grade-10 မှ မောင်ဆန်းကိုစိုး၏ မိခင်ဒေါ်အေးအေးခိုင်၏အမည်မှန်မှာ ဒေါ်အေးခိုင် ၆/လလန(နိုင်) ၁၃၈၂၈၅ ဖြစ်ပါကြောင်း။ **ဒေါ်အေးခိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ နန့်ခမ်းကျေးရွာ၊ ဘူတာစုရပ်နေ မယုယုလင်း ၅/ဝသန(နိုင်)၀၇၀၆၆၃ ၏ ဖခင် ဦးမောင်လွင်နှင့် ဦးထွေးလွင် ၅/ဝသန(နိုင်)၀၃၁၁၆၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မြိတ်မြို့၊ အမှတ်(၆)၊ သတ္တမတန်းအောင်မှ မောင်အောင်ကောင်းကျော်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးကျော်နိုင်လင်း ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်လင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ကွင်းအမှတ် (၁၁၇၆/ခ)၊ ရေကျော်ရွာကွင်း၊ ဦးပိုင်အမှတ် (၃၂/၂/ခ)၊ မြေဧရိယာ (၀ဒသမ၀၇၃)ဧကအား လူနေအိမ် မြေအဖြစ် အသုံးပြုရန်အတွက် မြေငှားဂရန်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားလာခြင်း ကိစ္စအား ကန့်ကွက်သူရှိပါက ကန့်ကွက်ကြေညာစာပါသည့်ရက်မှ ရက်သတ္တပတ် တစ်လအတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**ဦးမျိုးဇော်သိန်း**
**၃/ဘအန(နိုင်)၀၇၇၃၂၁**
**ဘားအံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း**
**ဖုန်း-၀၉-၇၈၉၆၆၇၄၄၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ လဂွန်းအိမ်လမ်း၊ အိမ်အမှတ် (၁၃၂၇)နေ ဦးစိုးမြင့်(ခ)ဦးအာလီ ၁၀/မလမ(နိုင်)၀၇၈၅၄၃၏ သားဖြစ်သူ ဦးတင်မြင့်(ခ)ဦးရာဆင်သည် ဖခင်ကိုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်အခါခါ ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား ဦးစိုးမြင့်(ခ)ဦးအာလီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ယနေ့မှစ၍ ဖခင် ဦးစိုးမြင့်(ခ)ဦးအာလီသည် သားဖြစ်သူ ဦးတင်မြင့်(ခ)ဦးရာဆင်နှင့် လုံးဝ(လုံးဝ) မသက်ဆိုင်တော့ကြောင်း ဦးစိုးမြင့်(ခ) ဦးအာလီ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမြင့်(ခ)ဦးအာလီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိကလျာဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၆၅၃၁) (၈-၁-၂၀၂၀)**
**အမှတ် ၁/၁၁၊ နတ်ကြီးချောင်ကျေးရွာ၊ ပေါင်မြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/8619 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/9606 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

### ဖခင်အမည်မှန်

မလှိုင်မြို့၊ ဆည်တို အောင်ခွန်မှန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မကြယ်စင်လင်းလက်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လတ် ၁၂/ကမန(နိုင်)၁၈၁၁၅၃ဖြစ်ပါကြောင်း။

**ဦးခင်မောင်လတ်**

### အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ မန်ပျဉ်ကျေးရွာအုပ်စု၊ မိုင်းမောကျေးရွာတွင်နေထိုင်သော ဦးရှန်းဆွေ ၁၃/တယန(နိုင်) ၀၃၇၈၈၃၏ အမည်မှန်မှာ ဦးအိုက်လုံ ဖြစ်ပါကြောင်း။ **ဦးအိုက်လုံ**

### အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ မန်ပျဉ်ကျေးရွာအုပ်စု၊ မိုင်းမောကျေးရွာတွင် နေထိုင်သော ဒေါ်အေးစာ ၁၃/လရန(နိုင်) ၂၀၄၃၃၁၏ အမည်မှန်မှာ ဒေါ်ယေ့စား ဖြစ်ပါကြောင်း။ **ဒေါ်ယေ့စား**

### အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ မန်ပျဉ်ကျေးရွာအုပ်စု၊ မိုင်းမောကျေးရွာတွင်နေထိုင်သော (ဖ)ဦးအိုက်လုံ ၁၃/တယန(နိုင်)၀၃၇၈၈၃၊ (မိ)ဒေါ်ယေ့စား ၁၃/လရန(နိုင်) ၂၀၄၃၃၁တို့၏သမီး မအီခက်၏ အမည်မှန်မှာ မအီးခက် ဖြစ်ပါကြောင်း။

**မအီးခက်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/3368၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ် ပါသည်။

**ကညန(နေပြည်တော်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/3259၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/9305၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ် ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၃၅၆၈၈ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထင်ကျော် ၁၀/မလမ(နိုင်) ၀၀၃၇၄၈က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ချောက်မြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အေးစေတီရပ်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၁၊ ခတက်ပင်)၊ ဦးပိုင်အမှတ်(N ၄)၊ ဧရိယာ (၀ဒသမ၁၅၂) ဧကရှိမြေကွက်ကို ဦးဇော်ဝင်း-ဒေါ်ပေါစန်းအမည်ဖြင့် မြေဂရန်သစ် ဤရုံးသို့လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/9525 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာရှိ ချင်းတောင်ရတနာ “ဝ”ဥ လှာခြောက် စက်ရုံအတွင်း ကြည့်ရှုစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ကန်ပက်လက်မြို့နှင့် မင်းတပ်မြို့တို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

**မင်းတပ် စက်တင်ဘာ ၄**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အတူ ယမန်နေ့က ကန်ပက်လက်မြို့နှင့် မင်းတပ်မြို့တို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ကန်ပက်လက်မြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်တိုးချဲ့လူနာဆောင် တည်ဆောက်နေမှုနှင့် မင်းတပ်မြို့ အစိုးရနည်းပညာ အထက်တန်းကျောင်း စာသင်ဆောင် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ချင်းပြည်နယ်(တောင်ပိုင်း) ကန်ပက်လက်မြို့သို့ ရောက်ရှိကြပြီး ကန်ပက်လက်မြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်တိုးချဲ့လူနာဆောင် တည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ နှစ်ထပ်တိုးချဲ့လူနာဆောင်သည် အလျားပေ ၁၅၀၊ အနံ ၆၂ ပေနှင့် အမြင့် ၂၈ ပေရှိ သံကူကွန်ကရစ်နှစ်ထပ်အဆောက်အဦဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၆၇၁ ဒသမ ၂၂ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❄

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်မည်

**စစ်တွေ စက်တင်ဘာ ၄**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် ပြည်နယ်အတွင်း မြို့နယ်များရှိ Stay at Home ကာလ ပုံမှန်ဝင်ငွေမရှိသော ပြည်သူများအတွက် ငွေကျပ် ၁ ဒသမ ၈၁၈ ဘီလီယံတန်ဖိုးရှိ ဆန်ရိက္ခာများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါပိုး အတည်ပြုလူနာများ တွေ့ရှိလာရသောကြောင့် ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်၊ ထိန်းချုပ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ မြို့နယ်များအား Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်မှ မြို့နယ်အားလုံးကို Stay at Home သတ်မှတ်ထားပြီးဖြစ်သဖြင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ငွေကျပ် ၁ ဒသမ ၈၁၈ ဘီလီယံ အသုံးပြုကာ ပြည်နယ်အတွင်း မြို့နယ်များရှိ အခြေခံအိမ်ထောင်စု ၃၀၃၀၆၃ စုအတွက် စားသောက်ရေး အထောက်အကူဖြစ်စေရန် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်နှုန်း ဝယ်ယူရန်ငွေများကို ဆက်လက်ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❖

## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူ အကျဉ်းသား ကျောင်းသား၊ ကျောင်းသူများအနက် ၅၅ ဦး လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်

**နေပြည်တော် စက်တင်ဘာ ၅**

အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေရသော ၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူ အကျဉ်းသား ကျောင်းသား၊ ကျောင်းသူများအနက် ၅၅ ဦး ယနေ့နံနက်ပိုင်းတွင် ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူ အကျဉ်းသား ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုအား ချီးမြှင့်သောအားဖြင့် လည်းကောင်း၊ လူမှုရေးအရ ငဲ့ညှာသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏စေတနာကိုနားလည်ကြပြီး ပြင်ပတွင် တက္ကသိုလ်ပညာများ ဆက်လက်သင်ကြားနိုင်ရေး ရှေးရှုသောအားဖြင့်လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ နိုင်ငံတော်သမ္မတက ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ၅၅ ဦး ပြန်လည်လွတ်မြောက်ခဲ့ပြီး ၃၈ ဦး လျှော့ရက်များ ခံစားရကြောင်း၊ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်းကြောင့် ပြန်လည်လွတ်မြောက်သူ ၅၅ ဦးတွင် ပြစ်ဒဏ်ကျခံရန် ကျန်ကာလ တစ်နှစ်ဝန်းကျင်ရှိသူ ၁၃ ဦး၊ ဂုဏ်ထူးနှစ်ဘာသာနှင့် အထက်ရရှိသူ ၂၉ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူနှင့် ရိုးရိုးအောင် ၁၃ ဦးပါဝင်ပြီး လျှော့ရက်များရရှိခံစားရသူ ၃၈ ဦးတွင် ဂုဏ်ထူး နှစ်ဘာသာနှင့် အထက်ရရှိသူ နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူနှင့် ရိုးရိုးအောင် ၃၆ ဦးပါဝင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဝေန်မြစ်ရေ သာပေါင်းမြို့၌ စိုးရိမ်ရေမှတ်အထက်ကျော်လွန်

**နေပြည်တော် စက်တင်ဘာ ၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

မိုး/ဇလ

## ဗဟိုခံစစ်ကစားသမား ကက်စတိတ်ကို လက်စတာအသင်း ခေါ်ယူ



ပရီမီယာလိဂ်ကလပ် လက်စတာအသင်းသည် ဘယ်လ်ဂျီယံ ဗဟိုခံစစ်ကစားသမား တင်မိုသီ ကက်စတိတ်ကို အတ္တလန္တာအသင်းမှ ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သို့သော်လည်း အဆိုပါကစားသမား၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်း မရှိပေ။

အသက်(၂၄ နှစ်)အရွယ် ကက်စတိတ်သည် အတ္တလန္တာအသင်းသို့ ဂျန့်ခ်အသင်းမှ ၂၀၁၇ ခုနှစ်တွင် ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၉၆ ပွဲ ပါဝင်ကစားထားကာ ရှစ်ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ စွယ်စုံရ ဗဟိုခံစစ်ကစားသမားဖြစ်သူ ကက်စတိတ်သည် တောင်ပံတွင်လည်း ကစားနိုင်သူဖြစ်သည်။ အဆိုပါ ကစားသမားအနေဖြင့် လက်စတာအသင်းမှ ဘင်ချီဝဲလ် ချယ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားပြီးနောက် နည်းပြ ရော်ဂျာ၏ လက်စတာသို့ ရောက်ရှိလာခြင်းဖြစ်သည်။

*စာမျက်နှာ ၁၉ ကော်လံ ၁* ●


စီးပွားဖြစ် ကြက်မွေးမြူ ထုတ်လုပ်မှုကို သုံးသပ်ခြင်း *ဆောင်းပါး* စာ » ၆

. . . . . . . . . . . . . . . . . . . . . . . . .

အမေရိကန်ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးကြော်ငြာများကို ဖေ့စ်ဘွတ်မှ ကန့်သတ်သွားမည် *နိုင်ငံတကာသတင်း* စာ » ၁၂